# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# ဒုတိယနေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၂၉ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၀.၈၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ<br>ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ဒီနေ့ အစည်းအဝေးမတက်ရောက်နိုင်လို့ ခွင့်ပန်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ကျန်းမာရေး။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ မိသားစုဆေးစစ်ရန်။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကျန်းမာရေး ဆေးစစ်ရန် တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို<br>မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၀)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းများဟာ သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## သန်လျင်မြို့နယ်အတွင်းရှိ ကျေးရွာအချို့အား ရွာမြေတိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က သန်လျင်မြို့နယ်အတွင်းရှိ ကျေးရွာ အချို့အား ရွာမြေတိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနဲ့ အခြားဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများ စိတ်ရဲ့ ချမ်းသာခြင်း၊ ကိုယ်ရဲ့ချမ်းသာခြင်းနဲ့ ပြည့်ဝပါစေလို့ ဆုတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ သန်လျင်မြို့နယ်ထဲမှာရှိနေတဲ့ ကျေးရွာမှာရှိတဲ့ ကျေးရွာသူ/ကျေးရွာသားများရဲ့ အသံနဲ့ သူတို့ရဲ့ လိုလားအပ်တဲ့ ကိစ္စရပ်တွေကို ကျွန်တော့်အနေနဲ့ လွှတ်တော်မှတစ်ဆင့် ကျွန်တော် မေးမြန်းပြီးတော့ အကောင်အထည်ဖော်ခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ သန်လျင်မြို့နယ်ထဲမှာ ရှိနေတဲ့ ကျေးရွာအချို့ဟာ ကျွန်တော် ဒီမှာ တင်ပြမှာကတော့ ကျေးရွာ၊ ကျွန်တော်တို့ စစ်ပင်ကုန်းကျေးရွာ၊ ဘယက်ကျေးရွာ၊ ကုလားဝဲကျေးရွာ၊ ညောင်လေးပင်ကျေးရွာ၊ ထော်သွန်းကျေးရွာစတဲ့ ဒီကျေးရွာတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း(၁၀၀)ကတည်းက တည်ရှိနေကြသော ကျေးရွာများဖြစ်တယ်ဆိုတာ သိရှိရပါတယ်။ အဲဒီတော့ နှစ်ပေါင်း(၁၀၀)ကတည်းက ရှိနေတဲ့ ကျွန်တော်တို့ မြန်မာလူမျိုးများရဲ့ ဓလေ့ထုံးစံအတိုင်း ရပ်ကွက်တွေ တည်ပြီးတော့၊ ကျေးရွာတွေ တည်ပြီးတော့ နေခဲ့ကြတဲ့ ကျေးရွာသူ/ကျေးရွာသားများဟာ သူတို့ရဲ့ နေရာကို အင်မတန်မှ ခုံမင်ကြပါတယ်။ မက်မောကြပါတယ်။ ဒါကြောင့်မို့လို့ အဲဒီမှာနေထိုင်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ တဖြည်းဖြည်း တဖြည်းဖြည်းနဲ့ လူဦးရေကလည်း များလာပါတယ်။ အဲဒီတော့ ကျေးရွာနဲ့ အရင်တုန်းက ဒီကျွန်တော်တို့ ဆောင်ရွက်ပေးထားတဲ့ ကျေးရွာနယ်မြေ အနေအထားအရ အခုရှိနေတဲ့ လူဦးရေအရဆိုရင် ကျေးရွာဟာ အင်မတန်မှ ကျဉ်းမြောင်းပါတယ်။ ကျွန်တော်အချိန်ကို လေးစားသောအားဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနကလည်းပဲ ဒီဟာတွေကို လေ့လာသိရှိပြီးဖြစ်မယ်လို့ ကျွန်တော် ယူဆတဲ့အတွက်ကြောင့် ဒီ ကျေးရွာသူ/ကျေးရွာသားနဲ့ သူ့ရဲ့ စာရင်းဇယားတွေကိုတော့ အချိန်ကို လေးစားပြီးတော့ တင်ပြခြင်း မပြုတော့ပါဘူး။

နောက်တစ်ခါ အခုအချိန်မှာတော့ အဲဒီကျေးရွာတွေအချို့ဟာ ကျွန်တော်တို့ လျှပ်စစ်မီးရရှိပါပြီ။ စစ်ပင်ကွင်းကျေးရွာနဲ့ ဘယက်ကျေးရွာဟာ ကျွန်တော်တို့ လျှပ်စစ်မီးသွယ်တန်းရရှိပြီး ဖြစ်ပါတယ်။ ကျန်တဲ့ကျေးရွာတွေကလည်းပဲ လျှပ်စစ်မီး ရရှိဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ တစ်ခါ ကျွန်တော်တို့ အဲဒီမှာ ကျေးလက်နေ တောသူတောင်သားများရဲ့ အရင်တုန်းကနေခဲ့တဲ့ ဓလေ့အတိုင်း လယ်ကွင်းထဲမှာ သူတို့တွေ နေထိုင်နေကြတာ များပါတယ်။ အဲဒီ ပုဂ္ဂိုလ်တွေကလည်း ကျေးရွာထဲကို မီးရပြီး အနေအထားတွေ ကောင်းတဲ့အတွက်ကြောင့် ပြန်ပြီးတော့ ကျေးရွာထဲမှာ ဝင်ရောက်ပြီးတော့ နေထိုင်ကြဖို့ အနေအထားတွေ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီကျေးရွာတွေဟာ ကျွန်တော်တို့ အရင်တုန်းက အနေအထားနဲ့ အခုအနေအထားအရ လူဦးရေနဲ့ သက်ဆိုင်ရာ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်တွေနဲ့ ကျွန်တော်တို့ စဉ်းစားပြီးတဲ့နောက် ဒီကျေးရွာတွေကို၊ ကျေးရွာမြေကို ကျေးရွာနဲ့အနီး ကျွန်တော်တို့ တိုးချဲ့ပြီးတော့ ဆောင်ရွက်ပေးသင့်ပါတယ်လို့ ကျွန်တော့်အနေနဲ့လည်းပဲ တင်ပြအပ်ပါတယ်။ ကျေးရွာကို ဆင်းပြီးတော့ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများနဲ့ ဆွေးနွေးတဲ့အခါကျလည်းပဲ ဒီဟာတွေဟာ ဖြစ်နိုင်စွမ်းရှိပါတယ်ဆိုတာ သူတို့ဆွေးနွေးကြပါတယ်။

ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ သန်လျင်မြို့နယ်မှာ ရှိနေတဲ့ ကျေးရွာသူ/ကျေးရွာသားများရဲ့ အသံကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသို့ ကျွန်တော်တို့ အကောင်အထည်ဖော်ပေးပါရန် ရှိ/မရှိ ။ မရှိလို့ ဆိုရင်လည်းပဲ ဘာကြောင့်မရှိဘူးဆိုတာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ စံပြကျေးရွာ၊ (၂)ရပ်ကွက်၊ ထန်းပင်ကုန်းလမ်းနှင့် ဈေးလမ်းကြီး ဆက်သွယ်ထားသော လမ်းသွယ်၏ ဝဲနှင့်ယာတွင် လမ်းမြေကျူးကျော်၍ ခြံစည်းရိုး (အုတ်တံတိုင်း) ကာရံထားခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် က ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာစံပြကျေးရွာ၊ (၂)ရပ်ကွက်၊ ထန်းပင်ကုန်းလမ်းနှင့် ဈေးလမ်းကြီး ဆက်သွယ်ထားသော လမ်းသွယ်၏ ဝဲနှင့်ယာတွင် လမ်းမြေကျူးကျော်၍ ခြံစည်းရိုး (အုတ်တံတိုင်း) ကာရံထားခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာကြသော ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။ လွှတ်တော်ရပ်နားစဉ်အတွင်းမှာ လွှတ်တော်အတွေ့အကြုံများအား မဲဆန္ဒနယ်မှာရှိတဲ့ နယ်မြေသို့ သွားရောက်ရှင်းလင်းပြခဲ့သလို အဲဒီရှင်းတဲ့ရက်တွေမှာလည်း ကွင်းဆင်းပြီး ပြည်သူများရဲ့ အသံ၊ ပြည်သူများရဲ့ တင်ပြချက်များကို မှတ်သားသိရှိခဲ့ရပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ မြောင်းတကာစံပြ ကျေးရွာ၊ (၂)ရပ်ကွက် ထန်းပင်ကုန်းလမ်းနှင့် ဈေးလမ်းကြီး ဆက်သွယ်ထားသည့် လမ်း၏ ဝဲနှင့်ယာတွင် ဦးအောင်မင်း နှင့် ဦးမြင့်ကြည် တို့က လမ်းမြေကျူးကျော်၍ ခြံစည်းရိုး၊ အုတ်တံတိုင်းကာရံထားမှုကြောင့် လမ်းများ တဖြည်းဖြည်း ကျဉ်းမြောင်းလာပြီး ဖြတ်သန်းသွားလာမှု အခက်အခဲများ ဖြစ်ပေါ်နေကြကြောင်း၊ သို့အတွက် ထန်းပင်ကုန်းလမ်းနေ ရွာသူ/ရွာသားများက မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြခဲ့သဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးက ဘုတ်အဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ စစ်ဆေးတွေ့ရှိချက်အရ လမ်းမြေ ကျူးကျော်ကြောင်း ထင်ရှားပေါ်ပေါက်ခဲ့သဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က လမ်းကျူးကျော်သူများအား တရားစွဲဆိုခဲ့ကြောင်း၊ ထိုသို့ တရားစွဲဆိုမှုအပေါ် မြို့နယ်တရားရုံးက အမှုစစ်ဆေးပြီး လမ်းမြေ ကျူးကျော်သူ ဦးအောင်မင်း နှင့် ဦးမြင့်ကြည် တို့ (၂)ဦးအား ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်သဖြင့် ဒဏ်ငွေ တစ်သောင်းကျပ်တိတိ ငွေဒဏ်ချမှတ်ခဲ့ကြောင်း သိရှိရပါတယ်။

အဆိုပါလမ်းအပေါ် ကျူးကျော်နေသူများအား စည်ပင်သာယာရေး ဥပဒေအရ ဒဏ်ငွေ တစ်သောင်း ချမှတ်ခဲ့သဖြင့် လမ်းကျူးကျော်နေသူများအနေဖြင့် ဆက်လက်ကျူးကျော်နေလျက် ရှိနေသဖြင့် နောင်တွင်လမ်းမှာ ပျောက်ဆုံးသွားနိုင်ပါတယ်။ ယခုအခါ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥပဒေအမှတ် ၅/၂၀၁၃ ဖြင့် ၂၀၁၃ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာ ရေးဥပဒေကို ၃၀-၉-၂၀၁၃ ရက်နေ့တွင် ပြဌာန်းပြီးဖြစ်သော်လည်း မြို့နယ်စည်ပင်သာယာရေး အဖွဲ့အနေဖြင့် အဆိုပါ ကျူးကျော်သူများအား ဆက်လက် အရေးယူဆောင်ရွက်ခြင်း မရှိကြောင်း သိရှိရပါတယ်။

သို့ပါ၍ အောက်ဖော်ပြပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများ၏ ကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်။

(က) ဦးမြင့်ကြည် ခြံစည်းရိုး၊ အုတ်တံတိုင်းကာရံထားခြင်းအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ခွင့်ပြုချက်ပေးခဲ့ခြင်း ရှိမရှိ။ ခွင့်ပြုချက်ပေးခဲ့ခြင်းမရှိက ခွင့်ပြုချက်မရရှိဘဲ ဆောင်ရွက်ခြင်းအပေါ် အရေးယူဆောင်ရွက်ခဲ့ခြင်း ရှိ မရှိ။ မရှိက အဘယ်ကြောင့်ပါနည်း။

(ခ) ဦးမြင့်ကြည်နှင့် ဦးအောင်မင်းတို့ (၂)ဦးအား တရားရုံးမှ စီရင်ချက် ချမှတ်ပြီးနောက် ယခင် စည်ပင်သာယာရေးအဖွဲ့ဥပဒေပုဒ်မ ၇၇ အရ ဆက်လက်အရေးယူ ဆောင်ရွက်ခဲ့ခြင်း ရှိမရှိ။ မရှိက အဘယ်ကြောင့်ပါနည်း။

(ဂ) ၃၀-၉-၂၀၁၃ ရက်နေ့တွင် ပြဌာန်းခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ စည်ပင်သာယာရေး ဥပဒေအရ အဆိုပါ လမ်းမြေကျူးကျော်မှုအား ဆက်လက် အရေးယူဆောင်ရွက်ရန် အစီအစဥ် ရှိမရှိ။ မရှိက အဘယ်ကြောင့်ပါနည်း။

(ဃ) အဆိုပါလမ်းမြေပေါ်တွင် ကျူးကျော်ဆောက်လုပ်ကြောင်း ပေါ်လွင်ထင်ရှားနေသဖြင့် လမ်းမြေ အကျယ် (၁၃)ပေ ပြန်လည်သတ်မှတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိ။ မရှိက အဘယ်ကြောင့်ပါနည်း။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၆။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

၎င်းမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရန်ကုန် တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်မှာ ကျေးရွာအုပ်စုပေါင်း(၂၈)အုပ်စု၊ ရပ်ကွက်(၁၇)ခုနဲ့ ဖွဲ့စည်းထားတဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်။ ကိုယ်စားလှယ်ရဲ့ တင်ပြစာမှာ သန်လျင်မြို့နယ်မှာ စစ်ပင်ကွင်းကျေးရွာ၊ ဘယက်ကျေးရွာ၊ ကုလားဝဲကျေးရွာ၊ ညောင်လေးပင်ကျေးရွာ၊ ထော်သွန်းကျေးရွာစတဲ့ ကျေးရွာ(၅)ရွာဟာ ပဲခူးမြစ်ကမ်းနံဘေးမှာတည်ရှိတဲ့

ကျေးရွာများ ဖြစ်ပါတယ်။ အဆိုပါ ကျေးရွာများရဲ့ ရွာမြေများအနေနဲ့ နှစ်စဉ် ပဲခူးမြစ်ရေတိုက်စားခြင်း၊ မြစ်ကမ်းပါး မြေများပြိုကျခြင်း ဒဏ်ခံရမှုရှိကြောင်း တွေ့ရှိရပါတယ်။

ထိုသို့မြစ်ရေတိုက်စားခံရတဲ့ အိမ်ထောင်စုများ အပါအဝင် ကျေးရွာရဲ့ တိုးပွားလာတဲ့ လူဦးရေ အနေနဲ့ ကျေးရွာရဲ့ ဓလေ့ထုံးစံအရ မိမိပိုင် လယ်ကွင်းများအတွင်း စိုက်ပျိုးလုပ်ကိုင်နေထိုင်မှုရှိကြောင်း တွေ့ရှိရပါတယ်။ အဆိုပါကျေးရွာများမှ စစ်ပင်ကွင်းနဲ့ ဘယက်ကျေးရွာဟာ သန်လျင်မြို့မှ (၇)မိုင်အကွာမှာ တည်ရှိပြီးတော့ ကုလားဝဲ၊ ညောင်လေးပင်နဲ့ ထော်သွန်းကျေးရွာတို့မှာ (၁၀)မိုင်ခန့်အကွာမှာ တည်ရှိကြောင်း တွေ့ရှိရပါတယ်။

(က) စစ်ပင်ကွင်းကျေးရွာမှာ အိမ်ထောင်စုပေါင်း (၅၆၃)စုအနေနဲ့ လူဦးရေ (၂၁၇၉)ဦး ရှိပြီး၊ ယင်းအနက်မှ လယ်ကွင်းထဲမှာနေထိုင်တဲ့ အိမ်ထောင်စုဟာ (၂၂၉)စုရှိကြောင်း၊

(ခ) ဘယက်ကျေးရွာမှာ အိမ်ထောင်စုပေါင်း (၂၃၄)စု၌ လူဦးရေ (၁၄၇၄)ဦး ရှိပြီးတော့ ယင်းအနက်မှ လယ်ကွင်းထဲမှာ နေထိုင်တဲ့ အိမ်ထောင်စု (၁၈၉)စုရှိကြောင်း၊

(ဂ) ကုလားဝဲကျေးရွာမှာ အိမ်ထောင်စုပေါင်း (၅၂၁)စု၌ လူဦးရေ (၂၀၃၇)ဦးရှိပြီးတော့ ယင်းအနက်မှ လယ်ကွင်းထဲမှာ နေထိုင်တဲ့ အိမ်ထောင်စုဟာ (၁၅၈)စု ရှိကြောင်း၊

(ဃ) ညောင်လေးပင်ကျေးရွာမှာ အိမ်ထောင်စုပေါင်း(၃၃၇)စုမှာ လူဦးရေ (၁၂၆၉)စုရှိပြီးတော့ ယင်းအနက်မှ လယ်ကွင်းထဲမှာနေထိုင်တဲ့ အိမ်ထောင်စုဟာ (၁၅၂)စုရှိကြောင်း၊

(င) ထော်သွန်ကျေးရွာမှာ စုစုပေါင်း(၁၃၅)စု၌ လူဦးရေ (၆၅၈)ဦး ရှိပြီးတော့ ယင်းအနက်မှ လယ်ကွင်းထဲမှာ နေထိုင်တဲ့ အိမ်ထောင်စုဟာ(၆၇)စုရှိကြောင်း။

ကိုယ်စားလှယ်တော်ရဲ့မေးခွန်းမှာ လယ်ထဲမှာနေထိုင်တဲ့ လယ်သမားများမှာ ရွာတွင်းကို ပြောင်းရွှေ့နေထိုင်ကြောင်းနဲ့ စပ်လျဉ်းပြီးတော့ အိမ်ထောင်စု(၁)စုမှာ အလျား(၅၀)ပေ၊ အနံ (၃၀)ပေ၊ ဧရိယာ (၀.၀၄၁)ဧက ချထားပြီး ဆောင်ရွက်မယ် ဆိုလို့ရှိရင် လယ်ထဲမှာနေထိုင်တဲ့ အိမ်ထောင်စုများအတွက် ကျေးရွာအလိုက် အောက်ပါအတိုင်း မြေ ဧရိယာလိုအပ်မှာ ဖြစ်ပါတယ်-

(က) စစ်ပင်ကွင်းကျေးရွာမှာ အိမ်ထောင်စု (၂၂၉)စုအတွက် ဧရိယာလိုအပ်ချက်က (၉.၃၈၉) ဧက ဖြစ်ပါတယ်။

(ခ) ဘယက်ကျေးရွာဟာ (၁၈၉)အိမ်ထောင်စုအတွက် ဧရိယာလိုအပ်ချက်ဟာ (၇.၇၄၉) ဧက ဖြစ်ပါတယ်။

(ဂ) ကုလားဝဲကျေးရွာဟာ အိမ်ထောင်စုပေါင်း (၁၅၈)စုအတွက် ဧရိယာ လိုအပ်ချက် (၆.၄၇၈) ဧကလိုအပ်မှာ ဖြစ်ပါတယ်။

(ဃ) ညောင်လေးပင်ကျေးရွာဟာ အိမ်ထောင်စုပေါင်း (၁၅၂)စုအတွက် ဧရိယာလိုအပ်ချက် (၆.၂၃၂)ဧက လိုအပ်မှာ ဖြစ်ပါတယ်။

(င) ထော်သွန်ကျေးရွာအုပ်စုအတွက် အိမ်ထောင်စုပေါင်း (၆၇)စုအတွက် (၂.၇၄၂)ဧက ဧရိယာ လိုအပ်မှာ ဖြစ်ပါတယ်။ စုစုပေါင်း အိမ်ထောင်စုပေါင်း (၇၉၅)စုအတွက် ဧရိယာ လိုအပ်ချက်ဟာ (၃၂.၅၉၅)ဧက လိုအပ်မှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ရဲ့ ရွာမြေတိုးချဲ့ပေးရန် အစီအစဉ် ရှိ၊မရှိ၊ ရှိပါက မည်သည့်ကာလမှာ မည်သို့ ဆောင်ရွက်ပေးမည်။ မရှိပါက မည်သည့်အတွက်ကြောင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသည်ကို ဖြေကြားပေးပါရန် မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ မေးခွန်းပါ ကျေးရွာ(၅)ရွာတို့အတွက် တိုးချဲ့မြေဧရိယာများမှာ ယင်းကျေးရွာရဲ့ ဘေးပတ်ဝန်းကျင်မှာရှိတဲ့ လယ်မြေများကို တိုးချဲ့ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အဆိုပါကျေးရွာ (၅)ရွာတိုးချဲ့နိုင်မယ့် နေရာများဟာ စိုက်ပျိုးလုပ်ကိုင်မှုရှိတဲ့ လယ်သမားများရဲ့ လယ်မြေဆုံးရှုံးမှု၊ နစ်နာမှုအတွက် နစ်နာကြေးကို တည်ဆဲ လယ်ယာမြေဥပဒေ ၆၇ အရ ပေးဆောင်နိုင်ရန် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ နစ်နာကြေးပေးဆောင်ရန် တွက်ချက်မှု ပုံစံ(၁၂)နဲ့ တွက်ချက်တင်ပြဆောင်ရွက်ရန် လိုအပ်မှာ ဖြစ်ပါတယ်။ လယ်ယာမြေများကို ကျေးရွာမြေ၊ အခြားနည်း အသုံးပြုခွင့်ရရှိရေး လျှောက်ထားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ထိုသို့ လယ်ယာမြေများ စီမံဆောင်ရွက်ခြင်းနဲ့ ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော်မှ အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေ အခန်း(၄)၊ အပိုဒ် (၂၅)မှာ ဖော်ပြပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါကြောင်းနဲ့ အောက်မြန်မာနိုင်ငံ မြို့နယ်၊ ကျေးရွာမြေများ အမိန့်ဆင့်ဆိုချက် အပိုဒ်(၂)မှ (၁၂)အထိ လည်းကောင်း ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါကြောင်း၊ ရွာမြေတိုးချဲ့လိုတဲ့ ကျေးရွာများအနေနဲ့ ကော်မတီ ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်းနဲ့ ဖွဲ့စည်းဆောင်ရွက်မယ့်ကော်မတီဟာ ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ Village Plan ရေးဆွဲရန်လိုအပ်ကြောင်းနဲ့ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ရဲ့ တင်ပြမှုအပေါ် လယ်ယာမြေကို ရွာမြေအဖြစ် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ ခွင့်ပြုနိုင်ပါတယ်။ သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်၏ မေးခွန်းပါ ရွာမြေတိုးချဲ့လိုခြင်းနဲ့ စပ်လျဉ်းပြီးတော့ သက်ဆိုင်ရာ ကျေးရွာများမှ ကော်မတီ ဖွဲ့စည်းပြီးတော့ Village Plan ရေးဆွဲပြီးတော့ လျှောက်ထားရန် ညွှန်ကြားပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁၂) မဲဆန္ဒနယ်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် မေးမြန်းခဲ့တဲ့မေးခွန်းနဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ကျွန်တော်ကပဲ ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

၎င်းမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာစံပြကျေးရွာ(၂)ရပ်ကွက် ထန်းပင်ကုန်းလမ်းနဲ့ ဈေးလမ်းမကြီး ဆက်သွယ်ထားတဲ့ လမ်းသွယ်ရဲ့ ဝဲနဲ့ယာမှာ ဦးမြင့်ကြည် နဲ့ ဦးအောင်မင်း တို့ (၂)ဦးဟာ လမ်းမြေပေါ်မှာ ကျူးကျော်ပြီးတော့ ခြံစည်းရိုး ကျူးကျော်ကာရံခဲ့ကြောင်း ရွာသူ၊ ရွာသားများရဲ့ တိုင်ကြားချက်အရ မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မှော်ဘီမြို့နယ် မြေစာရင်းဦးစီးဌာန၊ မြောင်းတကာမြို့နယ်ကျေးရွာရဲစခန်းနဲ့ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ စုဖွဲ့ပြီးတော့ ၃၁-၃-၂၀၁၁ ရက်နေ့မှာ ကွင်းဆင်း တိုင်းတာစိစစ်ခဲ့ရာ ဦးမြင့်ကြည် မှ လမ်းမြေပေါ်မှာအရှည်ပေ(၈၀)ခန့်အား အုတ်တံတိုင်းခြံစည်းရိုးကို (၁ ၁/၂)ပေ ကျူးကျော်၍ လည်းကောင်း၊ ဦးအောင်မင်း မှလည်း လမ်းမြေပေါ်မှာ အရှည်ပေ (၉၀)ခန့်အား သွပ်ပြားဟောင်းသုံး (ခြံစည်းရိုး)(၄.၅)ပေကို ကျူးကျော်၍လည်းကောင်း ခြံစည်းရိုးများ ကျူးကျော်ကာရံခဲ့သည်မှာ မှန်ကန်မှုရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဦးမြင့်ကြည် နဲ့ ဦးအောင်မင်း တို့ဟာ ခြံစည်းရိုး ကာရံခြင်းကို ဆောင်ရွက်ခဲ့ကြသော်လည်း မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကို

တင်ပြခွင့်ပြုချက် တောင်းခံခဲ့ခြင်း မရှိသကဲ့သို့ မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှလည်း ခွင့်ပြုချက်ပေးခဲ့ခြင်း မရှိပါ။ ဦးမြင့်ကြည် နဲ့ ဦးအောင်မင်း တို့နှစ်ဦးဟာ ခြံစည်းရိုး ကာရံရာမှာ စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်ခဲ့ခြင်း၊ လမ်းမြေပေါ်ကျူးကျော်ခဲ့ခြင်းသည် ဥပဒေချိုးဖောက် ကျူးလွန်ခြင်း ဖြစ်တဲ့အတွက်ကြောင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ ၄-၅-၂၀၁၁ ရက်စွဲပါ စာအမှတ်၊ ၇၅၂/ဆ-၁/ မဘ-၂(၀၀၁)ဖြင့် လမ်းမြေပေါ်မှာ ကျူးကျော်ဆောက်လုပ်ထားတဲ့ ခြံစည်းရိုးများကို ပြန်လည် ဖျက်သိမ်းရန် အကြောင်းကြားခဲ့ပါတယ်။

ဦးမြင့်ကြည် နဲ့ ဦးအောင်မင်း တို့နှစ်ဦးဟာ လမ်းမြေပေါ်ကျူးကျော် ဖောက်လုပ်ထားတဲ့ ခြံစည်းရိုးများကို ဖျက်သိမ်းဖယ်ရှားခြင်းမရှိခဲ့တဲ့အတွက်ကြောင့် ၁-၇-၂၀၁၁ ရက်နေ့မှာ မော်ဘီမြို့နယ် စည်ပင် သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးမြင့်ဦး တရားလိုပြုလုပ်ပြီးတော့ မော်ဘီမြို့နယ် တရားရုံးမှာ တရားစွဲဆိုခဲ့တဲ့အခါ တရားစွဲဆိုတဲ့အချိန် (၇)လနဲ့ (၂၄)ရက်ကြာမြင့်တဲ့ ၂၄-၂-၂၀၁၁ ရက်နေ့မှာ မြို့နယ်တရားရုံးကနေပြီးတော့ ဦးမြင့်ကြည် နဲ့ ဦးအောင်မင်း တို့ကို ဒဏ်ငွေကျပ် တစ်သောင်းစီ ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။ ဦးမြင့်ကြည် နဲ့ ဦးအောင်မင်း တို့ဟာ ပြစ်မှုကျူးလွန်မှုအတွက် မော်ဘီမြို့နယ်တရားရုံးရဲ့ ဒဏ်ငွေကျပ် တစ်သောင်းစီကို ပြစ်ဒဏ်ချမှတ်ခဲ့သည့် ဒဏ်ငွေပေးဆောင်ပြီးတော့ ပြစ်မှုကို ဆက်လက် ကျူးလွန်ခဲ့ခြင်းအတွက်ကြောင့် စည်ပင်သာယာရေးဥပဒေပုဒ်မ ၇၇ အရ ၂-၁၀-၂၀၁၂ ရက်နေ့မှာ မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထပ်မံတရားစွဲဆိုခဲ့ပါတယ်။

ဦးမြင့်ကြည် နဲ့ ဦးအောင်မင်း တို့နှစ်ဦးဟာ ဒုတိယအကြိမ် ထပ်မံတရားစွဲဆိုခဲ့တဲ့အခါမှာ ဆက်လက်ကျူးလွန်ခဲ့တဲ့ (၂၃၄)ရက်အတွက် တစ်ရက်လျှင် ဒဏ်ကြေးငွေ (၁၀၀)ကျပ်နှုန်းနဲ့ စုစုပေါင်းကျပ် (၂၃၄၀၀)ကျပ်စီကို ၁၆-၁၀-၂၀၁၂ ရက်နေ့မှာ မြို့နယ်တရားရုံးက ထပ်မံပြီးတော့ ငွေဒဏ်ချမှတ်ခဲ့ပါတယ်။ ဦးမြင့်ကြည် နဲ့ ဦးအောင်မင်း တို့သည် ဆက်လက်ကျူးလွန်မှုအတွက် ဒုတိယအကြိမ် ပြစ်ဒဏ်ချမှတ်ခြင်းကြောင့် ဒဏ်ငွေပေးဆောင်ခဲ့ကြသော်လည်း ခြံစည်းရိုးကာရံခြင်းများကို ဖျက်သိမ်းခြင်းမရှိဘဲနဲ့ ဆက်လက်ကျူးလွန်နေတဲ့အတွက်ကြောင့် ၁၇-၃-၂၀၁၄ ရက်နေ့မှာ မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၃၀-၉-၂၀၁၃ နေ့တွင်ပြဋ္ဌာန်းခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ ၅/၂၀၁၃ နဲ့ ထပ်မံပြီးတော့ တရားစွဲဆိုခဲ့ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေ ၅/၂၀၁၃ နဲ့ ထပ်မံတရားစွဲဆိုခဲ့ပြီး ပြစ်မှုကျူးလွန်သူ ဦးမြင့်ကြည် နဲ့ ဦးအောင်မင်း တို့သည် ကျူးကျော်ဆောက်လုပ်ထားတဲ့ ခြံစည်းရိုးများ ပြန်လည်ဖျက်သိမ်းပြီးပါက မော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြပြီးတော့ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းပြီးတော့ လမ်းမြေအကျယ် (၁၃) ပေ ပြန်လည်သတ်မှတ်နိုင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့မေးခွန်းများသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက

ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ကျောက်ပန်းတောင်း-ပွေးကျစ်လမ်း၏ ကျန်ရှိလမ်းအပိုင်းကို ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က ကျောက်ပန်းတောင်း-ပွေးကျစ်လမ်း၏ ကျန်ရှိလမ်းအပိုင်းကို ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီး များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် အမျိုးသား လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် အတွင်းမှာရှိတဲ့ ကျောက်ပန်းတောင်း-ပွေးကျစ်လမ်းကို ဒေသဖွံ့ဖြိုးရေးအတွက် အဆင့်တိုးမြှင့် ဖောက်လုပ်ပေးဖို့ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့မှာ ကြယ်ပွင့်ပြမေးခွန်းအဖြစ်နဲ့ မေးခဲ့တဲ့အခါမှာ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကြယ်ပွင့်မပြမေးခွန်းအဖြစ် သတ်မှတ်ပြီးတော့ ၂၀၁၂၊ ၁၁ လပိုင်း ၂၁ ရက်နေ့မှာ ပြန်လည်ဖြေကြားခဲ့ပါတယ်။ အဲဒီဖြေကြားချက်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ယခုအခါ လုပ်ငန်းလွှဲပြောင်းရယူထားတဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ လက်ရှိလမ်းအပိုင်းကို ဆက်လက် ဆောင်ရွက်ပေးနိုင်ရန် အခုကြယ်ပွင့်ပြ မေးခွန်းအဖြစ် ထပ်မံမေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျောက်ပန်းတောင်း-ပွေးကျစ်လမ်းဟာ လမ်း အရှည် (၁၄)မိုင် (၄)ဖာလုံနဲ့ လမ်းနယ်အကျယ် ပေ(၁၀၀)ရှိခဲ့တဲ့ ယခင်က ဒိစကြိတ်ကောင်စီ လမ်း ဖြစ်ခဲ့ရာ နှစ်ကာလ ကြာညောင်းလာသည်နှင့်အမျှ လမ်းပိုင်းဟာ ယိုယွင်းပျက်စီးလာမှု၊ ထိန်းသိမ်းမှု နည်းလာခဲ့တာကြောင့် ဒေသခံပြည်သူများ သွားလာအသုံးပြုမှုအတွက်၊ ကုန်စည်များ သယ်ယူ ပို့ဆောင်မှုအတွက် အခက်အခဲများနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့ နယ်စပ်ရေးရာ ဝန်ကြီးဌာနရဲ့ ပြန်လည်ဖြေကြားချက်အရဆိုလို့ရှိရင် ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်တွင်မှာ ကျောက်ချောလမ်း (၂)မိုင်(၂)ဖာလုံအထိသာ နှစ်အလိုက် ဆောင်ရွက်မှာဖြစ်ကြောင်း ပြန်ကြားခဲ့ ပါတယ်။ ဒီလိုသာလုပ်သွားလို့ရှိရင် (၁၄)မိုင် ရှည်တဲ့လမ်းဟာ ဘယ်နည်းနဲ့မှ ကျွန်တော်တို့ဟာ ရေရာသေချာမှာ မရှိတဲ့အပြင် ဆောက်လုပ်ပြီးသမျှအပိုင်းများဟာလည်းပဲ မိုးမကျခင်ကတည်းကနေ အသွားအလာများတဲ့အတွက် ပျက်စီးယိုယွင်းလာတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ ဒီလမ်းဟာ ကျောက်ပန်းတောင်း၊ နတ်မောက်၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း တောင်ပက်လက်နဲ့ နယ်စပ်မှာရှိတဲ့ ဒေသဖြစ်တဲ့အလျောက် ဒေသခံပြည်သူများအနေနဲ့ စက်တပ်ယာဉ် မျိုးစုံ (၄၃၃)စီး၊

မော်တော်ဆိုင်ကယ်(၈၀)စီး နေ့စဉ်အသုံးပြုတဲ့ လမ်းပိုင်းဖြစ်ပါတယ်။ ဒီကနေ့ဆိုလို့ရှိရင် ဒီယာဥ္စ အရေအတွက်ဟာ ဒီထက်သာလျှင် ပိုမိုများပြားဖို့အကြောင်းရှိပါတယ်။ ဒေသလယ်ယာ ထွက်ကုန်များကို ကျွန်တော်တို့ တောင်ပက်လက်ကနေပြီးတော့ ကျောက်ပန်းတောင်းမြို့မှာရှိတဲ့ ပွဲရုံတွေကို ရောင်းဝယ် ဖောက်ကားရာမှာ အသုံးပြုတဲ့လမ်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ၎င်းတို့ရဲ့ သတ်မှတ်ဒီဇိုင်းပုံစံ၊ လမ်းဒီဇိုင်းပုံစံ၊ Type Design နဲ့ လမ်းတစ်မိုင်ကုန်ကျစရိတ်ဟာ (၁၉၇၁၇၀၀၀) ကျော်နဲ့ ၂၀၁၃-၂၀၁၄ မှာ (၆)မိုင်၊ (၅)ဖာလုံ ကျွန်တော်တို့ ဆောင်ရွက်မယ်လို့ သိရပါတယ်။ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့က ကျောက်ချောလမ်း Design ပုံစံဟာ စေတနာနဲ့ သူတို့ပြုစုရေးဆွဲထားပြီးတော့ အင်မတန်လည်း ဒါကပီပီပြင်ပြင် လုပ်မယ်ဆိုရင် အဆင့်အတန်းမြင့်တဲ့ Design ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီ Type Design တွေဟာ နယ်မြေဒေသရဲ့ ပထဝီဝင်အနေအထား၊ ရေမြေအနေအထားအရ ကျွန်တော်တို့ ဒါဟာ အသုံးတည့်ချင်မှ တည့်ပါမယ်။ ကျွန်တော် တင်ပြတဲ့ ကျောက်ပန်းတောင်း-ပွေးကျစ်လမ်းဒေသဟာ ဆိုလို့ရှိရင် သဲဆန်ပြီးတော့ စမ်းပေါက်တဲ့မြေ (Swampy) တချို့နေရာဟာဆိုရင် အဲဒီက လမ်းပိုင်းဖြစ်တဲ့အတွက် DE က Type Design နဲ့ ဘယ်လိုနည်းနဲ့မှ အံဝင်ဂွင်ကျ မရှိပါဘူး။ ဒါနဲ့ ကျွန်တော့်အနေနဲ့ ဒါ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဆီကို ကျွန်တော် လမ်းဒီဇိုင်းပုံစံအသစ် အဆိုပြုပြီးတော့ အောင်မြင်ခဲ့တဲ့ လမ်းနမူနာများကို ကျွန်တော် အဆိုပြုပြီးတော့ တစ်မိုင်ကို ကုန်ကျစရိတ် (၁၉၁၄၅၈၀၀) နဲ့ မော်တော်ကားလမ်း ပါတယ်။ ထွန်စက် လှည်းလမ်းတွေပါတယ်။ ရေနုတ်မြောင်းစနစ်တွေပါတဲ့ လမ်းဒီဇိုင်းပုံစံနဲ့ စဥ်းစားပေးဖို့ ကျွန်တော် အကြံပြုခဲ့ပါတယ်။ သက်ဆိုင်တဲ့ စည်ပင်သာယာရေးဦးစီးဌာနကိုလည်း ကျွန်တော် အကြံပြုခဲ့ပါတယ်။

အဲဒီအကြံပြုချက်အရ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကရော၊ ဝန်ကြီးချုပ်ကရော၊ သူ့သက်ဆိုင်တဲ့ ဦးစီးဌာနကရော လက်ခံပြီးတော့ လုပ်ခဲ့တာဟာ ဆိုလို့ရှိရင် အရင်တုန်းက ၁ နာရီကို (၅) မိုင်က (၁၀) မိုင်လောက်သာ မောင်းနှင်သွားလာနိုင်တဲ့ လမ်းဟာ ဒီနေ့ ပြီးထားသမျှ (၁၀) မိုင် (၄) ဖာလုံမှာဆိုလို့ရှိရင် မိုင် (၃၀) နှုန်းအထိ သွက်လက်စွာနဲ့ မောင်းနှင်နိုင်တဲ့ လမ်းအဆင့်ကို ရောက်ပါတယ်။ ကျွန်တော် Slide 1 နဲ့ တင်ပြထားပါတယ်။ Slide 1၊ ဒါဟာ ကျွန်တော်တို့ (၁၀) မိုင် (၄) ဖာလုံ ထိ ပြီးစီးထားတဲ့ လမ်းဟာ မိုင် ၃၀ နှုန်းလောက် မောင်းရတဲ့ လမ်းအခြေအနေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ စုစုပေါင်း လမ်းအရှည် (၁၄) မိုင်၊ (၄) ဖာလုံ ရှိတဲ့ ကျောက်ပန်းတောင်း-ပွေးကျစ်လမ်းဟာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ ကျေးလက်လမ်းများ တည်ဆောက်ရေး ခေါင်းစဉ်အောက် ခွင့်ပြုရန်ပုံငွေကနေပြီးတော့မှ (၁၀) မိုင် (၄) ဖာလုံထိ ဆောက်လုပ်ပြီးထားတာ ဖြစ်ပါတယ်။ ကျန်ရှိတာ (၃) မိုင် (၇) ဖာလုံကို ဆက်လက် ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ Slide 2 နဲ့ Slide 3 တို့ဖြင့် ကျွန်တော် ဖော်ပြထားပါတယ်။ ဒီလမ်းလေးဟာ မိုးရာသီမှာဆိုရင် ဘယ်လိုမှ ကျွန်တော်တို့ သွားလို့ လာလို့ မရတဲ့ အခြေအနေ ဖြစ်ပါတယ်။ (၁၄) မိုင် အနက်က ကျန်ရှိတဲ့ (၃) မိုင် (၇) ဖာလုံဟာ ကျွန်တော်တို့ ခုချိန်မှာ နယ်စပ်ဒေသဝန်ကြီးဌာန စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေနဲ့ တိုင်းဒေသကြီးဝန်ကြီးချုပ်မှ ခွင့်ပြုပေးခဲ့ပြီးတော့ လက်ရှိအခြေအနေမှာ မွေးမြူရေး ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီး

ဌာနလက်အောက်ကို လွှဲပြောင်းပေးပြီးဖြစ်တယ်ဆိုတာ သိရပါတယ်။ ဒါကြောင့် ရန်ပုံငွေတွေဟာ အရင်ချထားပေးခဲ့တဲ့ အဖွဲ့အစည်းက ရပ်ဆိုင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်မို့လို့ ကျောက်ပန်းတောင်း-ပွေးကျစ်လမ်းနဲ့ ဆက်စပ်ပြီး ဒေသခံပြည်သူများကိုယ်စား ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းများကို မေးမြန်းခွင့်ပြုပါရန် ကျွန်တော် ပန်ကြားအပ်ပါတယ်။

၁။ လမ်းလုပ်ငန်းလွှဲပြောင်းလက်ခံစဥ်က လက်ခံခဲ့တဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ စုစုပေါင်း လမ်းအရှည် (၁၄) မိုင် (၄) ဖာလုံရှိတဲ့ ကျောက်ပန်းတောင်း-ပွေးကျစ်လမ်းဟာ တာဘောင်အမြင့် (၃) ပေ၊ လမ်းအကျယ် (၁၂) ပေ၊ လမ်းပခုံး နှစ်ဖက် (၃) ပေစီ ထွန်စက် ကျွဲ၊ နွား၊ လှည်းလမ်း (၁၅) ပေစီ တစ်ဖက်စီတွင် အနက် (၄) ပေ အကျယ် (၅) ပေရှိ ရေနုတ်မြောင်းများဖြင့် လက်ရှိ မိုင်တိုင် ၁၀/၄ အထိ တည်ဆောက်ပြီးစီးထားတဲ့အတိုင်း ကျန်ရှိ လမ်းအရှည် (၃) မိုင် (၇) ဖာလုံ အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ဆောင်ရွက်ပေးနိုင်ရန် ရန်ပုံငွေ လျာထားထည့်သွင်းထားခြင်း ရှိ၊ မရှိ၊

၂။ ကျွန်တော် ခုနက တင်ပြတဲ့ အမှတ်စဥ် ၁ ပါ မေးခွန်းနဲ့ ဆက်စပ်ပြီးတော့ ဆောင်ရွက်ပေးရန် အစီအစဥ် ရှိပါက မည်သည့်အချိန်တွင် စတင်၍ မည်သည့်အချိန်တွင် ဆောင်ရွက်ပြီးစီးနိုင်မည်ကို သိရှိလိုပါသည်ခင်ဗျား အားလုံး ကျေးဇူးတင်ရှိပါတယ်။

**ပလက်ဝမြို့နယ်အတွင်းရှိ ရွာချင်းဆက်လမ်း (၆၂)မိုင်အား ဆိုင်ကယ်သွားမြေသားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့ယိန်း က ပလက်ဝမြို့နယ်အတွင်းရှိ ရွာချင်းဆက်လမ်း (၆၂)မိုင်အား ဆိုင်ကယ်သွား မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးဌေ့ယိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေ့ယိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ ရွာချင်းဆက်လမ်း (၆၂) မိုင်အား ဆိုင်ကယ်သွား မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဥ် ရှိ/မရှိနဲ့ ပတ်သက်ပြီး မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝမြို့နယ်ဟာ တောင်မြောက်စီးဆင်းတဲ့ ကုလားတန်မြစ် ရေကြောင်းလမ်းတစ်ခုတည်းကိုသာ အဓိက မှီခိုအားထားနေရတဲ့မြို့နယ် ဖြစ်ပါတယ်။ မြို့နယ်အတွင်းရှိ ကုလားတန်မြစ်ရဲ့ အရှေ့အနောက် ကျေးရွာအုပ်စုအချင်းချင်း တောလမ်းကိုသာ ယနေ့အထိ အသုံးပြုနေရပြီး မြစ်ကြောင်းခရီးဖြင့် သယ်ဆောင်လာသည့် လူသုံးကုန်အမျိုးမျိုးကို မိမိကျေးရွာသို့ ကုန်းလမ်းဖြင့် ထမ်းပိုးသယ်ဆောင်ပြီး ဘဝရပ်တည်နေထိုင်ဆဲ ဖြစ်ပါတယ်။ ယခုအချိန်မှာ

အချို့ကျေးရွာများ ရွာချင်းဆက် ဆိုင်ကယ် မြေသားလမ်းများကို လူထုလုပ်အားကိုယ်ထူကိုယ်ထဖြင့် တစ်ပိုင်းတစ်စ၊ တစ်ပိုင်တစ်နိုင် ဖောက်လုပ်နေကြသော်လည်း မိမိတို့ စားဝတ်နေရေး အခက်အခဲကြောင့် အချိန်မပေးနိုင်ကြဘဲ အစိုးရရဲ့ ပံ့ပိုးကူညီမှုကို များစွာ မျှော်လင့်တောင့်တနေကြပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ (က) အောင်တော်မူ လက်ပံကိုင်း ရွာချင်းဆက် ဆိုင်ကယ်လမ်း (ခ) လက်ပံကိုင်း-ကွင်းချောင်းဝ ရွာချင်းဆက် ဆိုင်ကယ်လမ်း (ဂ) ပလက်ဝ-ခဝဲ ရွာချင်းဆက် ဆိုင်ကယ်လမ်း (ဃ) တမန်းသား-တွီးကင်းဝ - ဒလက်မေ ရွာချင်းဆက် ဆိုင်ကယ်လမ်း စုစုပေါင်း (၆၂) မိုင်ကို နိုင်ငံတော်အစိုးရမှ ပံ့ပိုးဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ဖလမ်းမြို့အနီးရှိ ကြောင်းဟဲန်နှင့် ဇာမွာလ်ကျေးရွာအတွင်း ဖြတ်သန်းသွားသော လမ်းအား တိုးချဲ့တူးဖော်ပြီး ကတ္တရာလမ်းခင်းကာ အဆင်းကားလမ်းအတွက် အသုံးပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း က ချင်းပြည်နယ်၊ ဖလမ်းမြို့အနီးရှိ ကြောင်းဟဲန်နှင့် ဇာမွာလ်ကျေးရွာအတွင်း ဖြတ်သန်းသွားသောလမ်းအား တိုးချဲ့တူးဖော်ပြီး ကတ္တရာလမ်းခင်းကာ အဆင်းကားလမ်းအတွက် အသုံးပြုရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်ကြီးများနဲ့ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါတယ်။ ချင်းပြည်နယ် ဖလမ်းမြို့အနီးရှိ ကြောင်းဟဲန် နဲ့ ဇာမွာလ်ကျေးရွာအတွင်း ဖြတ်သန်းသွားသော လမ်းအား ချဲ့ထွင်တူးဖော်ပြီး ကတ္တရာခင်းကာ အဆင်းလမ်းအတွက် အသုံးပြုရန် အစီအစဉ် ရှိ၊ မရှိ ဆိုတဲ့ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းမေးရခြင်းရဲ့ အဓိက ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ ကလေးနဲ့ ဖလမ်း-ဟားခါးလမ်းဟာ ကျွန်တော်တို့ သက်တမ်းအားဖြင့် (၇၀) (၈၀) နီးပါးလောက် ရှိပါပြီ။ ဒါပေမဲ့ ကနေ့အထိ ကျွန်တော်တို့ အဆင်းလမ်း/အတက်လမ်း ခွဲခြားလုပ်လို့ မရသေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ တောင်ပေါ်လမ်းဖြစ်တဲ့အတွက် ကျွန်တော်တို့ ကမ်းပါးကို ထွင်းပြီးမှ ဖောက်တာရှိတယ်။ နောက် ဒီမြေမျက်နှာပြင် (၇၀) ဒီဂရီအထိလောက် မတ်စောက်တဲ့ဟာကိုပဲ ကျွန်တော်တို့ ဖြတ်သန်းတဲ့အခါမှာ ကျွန်တော်တို့ အဆင်းအတက်လမ်းကို နှစ်လမ်းသွား ဖောက်လုပ်ရန်လည်း အလွန်အကျုံမှ ခက်ခဲပါတယ်။ ပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့ ဂျပန်ကုမ္ပဏီနဲ့ (၂၄) ပေလမ်း ကတ္တရာခင်းဖို့ အစည်းအဝေးက ကျွန်တော် ကြားခဲ့ပါတယ်။ ဒါပေမဲ့ ခုထိ အကောင်အထည်ဖော်ခြင်းမရှိပါဘူး။ တကယ်လို့ အကောင်အထည်ဖော်မယ်ဆိုရင်တောင်မှ

ကလေးနဲ့ ဖလမ်း၊ ဟားခါးထိကို (၃) နှစ်မှ (၅) နှစ်ထိ လမ်းပိတ်ရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ လက်ရှိ ရှိတဲ့လမ်းလေးကို အဆင်းကားနဲ့ အတက်ကားဆိုပြီးမှ ကွင်းလမ်းပဲ ဖြစ်ဖြစ်၊ ရနိုင်တဲ့နေရာလေးမှာ ကျွန်တော်တို့ ရှာကြံပြီးမှ အဲဒီလိုသတ်မှတ်လိုက်လို့ရှိရင် ကျွန်တော်တို့ ခရီးသွားပြည်သူများရဲ့ လမ်းကျဉ်းသွားတဲ့ တောင်ပေါ်လမ်းကို ရင်တထိတ်ထိတ် ဖြစ်တဲ့ဟာကို ကျွန်တော်တို့ အများကြီးသက်သာသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဖလမ်းအနားက ကြောင်းဟဲန်နဲ့ ဇာမွာလ်ကျေးရွာ ဖြတ်တဲ့လမ်းဆိုရင် ကျွန်တော်တို့ ဖလမ်းကနေ ကလေးမြို့ဘက်ကို ဆင်းတဲ့အခါမှာ (၃) မိုင်ခန့် အကွာမှာ ရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ကားလမ်းကလည်း ဖောက်ပြီးသား ဖြစ်ပါတယ်။ ပထမ ဇာမွာလ်ကျေးရွာကို ဝင်လိုက်လို့ရှိရင် အဲဒီဇာမွာလ်ကျေးရွာပြီးမှ ကျွန်တော်တို့ တောလမ်း ရှိပါတယ်။ အဲဒီတောလမ်း (၁) မိုင်လောက်ကို ချဲ့ထွင်ပြီးမှ ကြောင်းဟဲန်ကျေးရွာအထိ အားလုံး မိုင်ပေါင်းအားဖြင့် (၂) မိုင်လောက် ရှိမယ်ထင်တယ်။ အဲဒီဟာကို ချဲ့ထွင်ပြီးမှ ကတ္တရာခင်းပြီး အဆင်းလမ်းအတွက် အသုံးပြုမယ် ဆိုရင်တော့ ကျွန်တော်တို့ အတက်လမ်းနဲ့ အဆင်းလမ်း သတ်သတ်မှတ်မှတ် အဲဒီနေရာလေးကို ကျွန်တော်တို့ ပြုလုပ်နိုင်မည်ဖြစ်ပါတယ်။ ကျွန်တော်တို့ ခေတ်ရဲ့ တိုးတက်မှု ခေါ်မလား၊ ကျွန်တော်တို့ ဒီမိုကရေစီရဲ့ (၃) နှစ်ကျော် ကာလအတွင်းမှာ ချင်းပြည်နယ်မှာလည်း ကားအသွားအလာ တော်တော်လေး များပါတယ်။ ကျွန်တော်တို့ ကလေးမြို့ကနေ ဟားခါးထိ မှန်လုံကားနဲ့ ခရီးသည် တင်တဲ့အခါမှာ အနည်းဆုံး (၃) စီး တက်ပြီးမှ အဆင်းလည်း (၃) စီး ဆင်းပါတယ်။ အဲဒါအပြင် ခုလတ်တလောမှာ ကားငယ်လေးတွေကို ဖလမ်းကို (၂) စီး၊ နောက် တောင်ဇလပ်ဂိတ် နောက် ဖိုင့်ရောင်းဂိတ်၊ ဖလမ်းသားဂိတ် နောက် ကျွန်တော်တို့ ခါတော်မီဂိတ် ဆိုပြီးတော့ ကားလေးတွေ ကိုလည်း ဟားခါးထိ၊ ထန်တလန်ထိ ပြေးဆွဲနေပါတယ်။

နောက် အဲဒီဟာပြီးရင် ကျွန်တော်တို့ မဏိပူရမြစ်ရဲ့ အရှေ့ဘက်ခြမ်းကနေပြီးမှ တောင်သူ များရဲ့ စိုက်ပျိုးသီးနှံများကိုလည်း တောင်သူများအနေဖြင့် ကျွန်တော်တို့ မော်တော်ဆိုင်ကယ်ကို အသုံးပြုပြီးမှ မော်တော်ဆိုင်ကယ် (၁) စီးဆိုရင် သူတို့ ခြံထွက်သီးနှံကို ပိဿာ (၅၀၊ ၆၀၊ ၈၀) ထိ တင်ပြီးမှ ဖလမ်း၊ ဟားခါးနဲ့ ထန်တလန်ထိ ကျွန်တော်တို့ ပို့ဆောင်ပြီးမှ ရောင်းဝယ်ဖောက်ကား နေကြပါတယ်။ အဲဒီလို ဖြစ်နေတဲ့အခါမှာ ကျွန်တော်တို့ မော်တော်ဆိုင်ကယ်ကလည်းကုန်အပြည့် နောက် ကျွန်တော်တို့ ကားကလည်း ဖလမ်းကနေဆင်းတဲ့အခါ အဲဒီ မဏိပူရ တောင်တက် တောင်ဆင်းမှာ တစ်ခါတလေ အကွေ့များတဲ့အတွက်ကြောင့် မမျှော်လင့်ဘဲ ဆုံတွေ့တဲ့အခါမှာ ပွတ်ကာသီကာနဲ့ အဲဒီလိုနဲ့ ရင်တထိတ်ထိတ်နဲ့ ဖြစ်နေရပါတယ်။ တစ်ခါတစ်လေ တိုက်မိတာလည်း ရှိပါတယ်။ အဲဒါကြောင့် အဲဒါကို မဖြစ်အောင် ကြောင်းဟဲန်နဲ့ ဇာမွာလ် ရွာတွင်းလမ်းကို ချဲ့ထွင်ဖို့ ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။

နောက်တစ်ခါ ကျွန်တော် ဆက်လက်တင်ပြချင်တာကတော့ ကျွန်တော်တို့ ဗားလုံရွာနားမှာ ဒီ နှစ်ပေါင်း (၃၀) လောက် ကြာမယ်ထင်တယ်။ အဲဒီမှာကျွန်တော်တို့ ဗားလုံကျေးရွာတစ်ဝိုက်က ကျွန်တော်တို့ အရင်တုန်းကတော့ သစ်ပင်၊ တောပင်နဲ့ ကျွန်တော်တို့ ဖုံးအုပ်တာကိုပဲ တောင်သူများက နေပြီး ခုတ်ထွင်ပြီး ယခုအခါမှာ မြေသားဆုပ်ကိုင်မှု သစ်ပင်နဲ့အမြစ်များရဲ့ မြေသားဆုပ်ကိုင်မှုက လျော့ကျသွားတဲ့အတွက် လမ်းက ကျွန်တော်တို့ (၂) ဖာလုံ၊ (၃) ဖာလုံလောက်ကို ဒီလမ်းအောက်ကို

အိကျသွားတာရှိပါတယ်။ အဲဒီ အိကျတဲ့အခါမှာ ကျွန်တော်တို့ မအိမကျတဲ့ ကျောက်ဆောင်လမ်း အထိ ဆို ၁၀ ပေမှ ၁၅ ပေ လောက် အနိမ့်အမြင့်ဖြစ်သွားပါတယ်။

အဲဒီအခါမှာ ကျွန်တော်တို့ ဒီကုန်ကားများ၊ လိုင်းကားများ အဲဒီလို တက်တဲ့အခါမှာ အဲဒီ အတက်လေးမှာ ကျွန်တော်တို့ မတက်နိုင်လို့ ကားများ နောက်ဆုတ်နေရတာ ရှိပါတယ်။ လွန်ခဲ့တဲ့ (၅) နှစ်မှာလည်း ကျွန်တော်တို့ မှန်လုံကားတစ်စီး အဲ့ဒီလိုမတက်နိုင်လို့ လမ်းအောက်မှာ ကျသွားတဲ့ အတွက်ကြောင့် လူခရီးသည် (၅) ယောက် ပွဲချင်းပြီး သေဆုံးခဲ့တာ ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်မှာလည်း ကျွန်တော်တို့ ကလေးမြို့ကနေ အုတ်ခဲသယ်တဲ့ကားကိုလည်း အဲဒီလမ်းကို မတက်နိုင်လို့ ကျွန်တော်တို့ နောက်ပြန်ကျပြီးမှ ကံအားလျော်စွာ ကျွန်တော်တို့ တောင်ကမ်းပါးယံ တစ်ဖက်ဖက်ကို လဲကျတဲ့အတွက် ကြောင့်မို့ လူကတော့ အန္တရာယ်မရှိပါဘူး။ အဲဒီနေရာမှာလည်း ကျွန်တော်တို့ ကွင်းလမ်းကတော့ ဖောက်ပြီးသား ရှိပါတယ်။ နောက်ကျောက်ခင်းပြီးသားလည်း ဖြစ်ပါတယ်။ အဲဒီကျောက်ခင်းပြီးသားကို ကျွန်တော်တို့ ကတ္တရာခင်းပြီးမှ အတက်လမ်းအတွက် အသုံးပြုမယ်ဆိုရင် ကျွန်တော်တို့ မိုးကာလ၊ ပိုပြီးမှ မြေအိကျတဲ့အချိန်မှာဆိုရင်တော့ တော်တော်လေး အဆင်ပြေသွားမှာ ဖြစ်ပါတယ်။

နောက် တစ်ခါတလေ ကျွန်တော်တို့ ဖလမ်းကနေ ကုန်အပြည့်နဲ့ ဆင်းလာတဲ့ကားနဲ့ မှန်လုံအချင်းချင်း တွေ့တဲ့အခါကျတော့ ကျွန်တော်တို့ ဒီတောင်ပေါ်လမ်းဖြစ်တဲ့အတွက် လမ်းကျဉ်းတဲ့ အတွက်ကြောင့် ကားရှောင်ကွင်းနိုင်တဲ့နေရာကို ကျွန်တော်တို့ ရှာဖွေပြီးမှ အတက်လမ်းကို ဦးစားပေးပြီးမှ အဆင်းလမ်းကနေ နောက်ဆုတ်ပေးပြီးမှ ရှောင်ကွင်းနိုင်တဲ့နေရာထိ ကျွန်တော်တို့ ဆုတ်ပေးရပါတယ်။ အဲဒီလိုနေရာ အခက်အခဲလေးတွေကို ကျွန်တော်တို့ ဖြေရှင်းနိုင်ရေးအတွက် လမ်း တစ်လျှောက်လုံး မလုပ်နိုင်ရင်တောင်မှ ကျွန်တော်တို့ ဒီ ဗားလုံ အနားက ကွင်းလမ်းကို အတက်လမ်းအဖြစ်နဲ့ အသုံးပြုပြီး နောက် ကြောင်းဟဲန် - ဇာမွာလ်လမ်းကို ကျွန်တော်တို့ အဆင်းလမ်းအတွက် အသုံးပြုပါက ခရီးသွား ပြည်သူများအတွက် အများကြီး အထောက်အကူပြု စိတ်ချမ်းသာမှုရရှိမည် ဖြစ်ပါတယ်။ သို့အတွက် ကြောင့် ချင်းပြည်နယ်၊ ဖလမ်းမြို့နီးရှိ ကြောင်းဟဲန်နဲ့ ဇာမွာလ် ကျေးရွာအတွင်း ဖြတ်သန်းသွားသော လမ်းအားတိုးချဲ့ပြီး ကတ္တရာခင်းကာ အဆင်းကားအသုံးပြုရန် အစီအစဉ် ရှိ၊ မရှိကို ကျွန်တော် လေးစားရပါသော ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ ကျွန်တော် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၇။**

**ဦးတင်ဝင်း (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။

ကျွန်တော်ကတော့ မွေးမြူရေးနှင့်ရေလုပ်ငန်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးတင်ဝင်း ဖြစ်ပါတယ်။ မေးခွန်းများနဲ့ ပတ်သက်ပြီးတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်၊ နောက် ချင်းပြည်နယ်မှ ကိုယ်စားလှယ်ကြီးများ မေးမြန်းချက်နဲ့ ပတ်သက်ပြီး အစဉ်လိုက် ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများမှာ ယခုလို မိမိရဲ့ ကျေးလက်ဒေသကို စိတ်ဝင်စားစွာ ကွင်းဆင်းစစ်ဆေးပြီးတော့ မေးမြန်းတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၊ ကျောက်ပန်းတောင်း-ပွေးကျစ်လမ်းဟာ လက်ရှိအခြေအနေမှာတော့ ကတ္တရာ (၆) ဖာလုံနဲ့ ကျောက်လမ်း (၁) မိုင်နဲ့ (၅) ဖာလုံ၊ အမာခံ ဂျင်းလမ်း (၈) မိုင်နဲ့ မြေသားလမ်း (၃) မိုင်နဲ့ (၅) ဖာလုံ စုစုပေါင်း (၁၄) မိုင်ရှိပြီးတော့ ကျေးရွာပေါင်း (၁၈) ရွာ၊ ပြည်သူလူထုပေါင်း (၁၂၄၀၅) တို့နဲ့ အကျိုးပြုပြီးတော့ အဆိုပါလမ်းရဲ့ ဂျင်းကျောက်ခင်းရန် ကျန်ရှိတဲ့ (၃) မိုင်နဲ့ (၅) ဖာလုံ ကျွန်တော်တို့ ဂျင်းကျောက်ခင်းမယ်ဆိုရင် ခန့်မှန်းအားဖြင့် (၅၄.၃) သန်းလောက် ကုန်ကျမယ်လို့ ခန့်မှန်းပါတယ်။

ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ဒီနှစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ တိုင်းချုပ်အနေနဲ့ လျာထားချက် တင်ပြရရင် ဘဏ္ဍာရန်ပုံငွေအနေနဲ့ (၁၆.၂၆) ဘီလီယံ ရှိပါတယ်။ ကတ္တရာလမ်း (၄၁) မိုင်၊ (၇) ဖာလုံ ၊ ကျောက်လမ်း (၃၀၃) မိုင်၊ (၄) ဖာလုံ၊ မြေသားလမ်း (၂၄၄) မိုင် (၁) ဖာလုံနဲ့ ကွန်ကရစ်တံတား (၄၀၈)ပေ၊ သစ်သားတံတား (၂၈၆၄) ပေ၊ ကွန်ကရစ်ရေဖျော် (၂၁၀၀) နဲ့ ရေပြွန် (၇၄၂) ပေ ဆောင်ရွက်ရန် လျာထားပြီးဖြစ်ကြောင်း၊ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလို ပါတယ်။ မြို့နယ်ချုပ် အနေနဲ့ ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှာဆိုလို့ရှိရင် ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ (၂၇၄.၁၉) သန်း၊ ကျောက်လမ်း (၄) မိုင်နဲ့ (၁) ဖာလုံ၊ မြေသားလမ်း (၈) မိုင် ဆောင်ရွက်ရန် လျာထားပြီး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးမှ မေးမြန်းသော ကျောက်ပန်းတောင်းမြို့နယ်၊ ကျောက်ပန်းတောင်း-ပွေးကျစ်လမ်းအား ဆောင်ရွက်ရန်အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ လျာထားတင်ပြထားခြင်း မရှိပါဘူးခင်ဗျား။ အဲဒီတော့ တင်ပြထားတဲ့ ဒီကျေးရွာချင်းဆက်လမ်း (၃) မိုင်နဲ့ (၅) ဖာလုံကို ကွင်းဆင်းတိုင်းတာပြီးတော့ ခုနက ကိုယ်စားလှယ်တော်ကြီး ကျွန်တော်တို့ ဆွေးနွေးတင်ပြသွားတဲ့ ပုံစံအတိုင်းပေါ့လေ။ ကျွန်တော် ဆက်လက်ပြီးတော့ ၂၀၁၄-၂၀၁၅ ယခုနှစ်ပေါ့။ ဖြည့်စွက်မှာ ဦးစားပေးအစီအစဉ်မှာ ထည့်ပြီးတော့ ရန်ပုံငွေတောင်းခံ သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) က အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဌေးယိန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဆက်လက် တင်ပြသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ် ပလက်ဝမြို့၊ အောက်နူးဘူး-လက်ပံကိုင်း ရွာချင်းဆက်လမ်းဟာ ဆိုင်ကယ်လမ်းပေါ့။ သူဟာ (၁၂) မိုင် ရှိပါတယ်။ နောက်ပြီးတော့ တစ်ခါ လက်ပံကိုင်း-ကွင်းချောင်းဝ ရွာချင်းဆက်လမ်း ဆိုင်ကယ်လမ်းပဲ (၉) မိုင် ရှိပါတယ်။ ပလက်ဝ-ခဝဲရွာ ရွာချင်းဆက်လမ်း (၁၃) မိုင် ဆိုင်ကယ်လမ်းပဲ (၁၃) မိုင် ရှိပါတယ်။ တမန်းသား-တွီးကင်းဝ-ဒလက်မေ ရွာချင်းဆက်လမ်း အဲဒါလည်း

ဆိုင်ကယ်လမ်းပါ (၃၃) မိုင် ရှိပါတယ်။ စုစုပေါင်း ကျွန်တော်တို့ မိုင်ရှည် (၆၇) မိုင်ရှိပါတယ်။ အဲဒီတော့ ရွာ(၇) ရွာ၊ အိမ်ခြေပေါင်း (၃၇၉)၊ လူဦးရေပေါင်း (၂၀၉၀) တို့ကို အကျိုးပြုတာဖြစ်ပါတယ်။

အဆိုပါလမ်းကို ကျွန်တော်တို့ ဆိုင်ကယ်လမ်းကနေပြီးတော့ (၁၈) ပေ အကျယ်မြေသား လမ်းအဖြစ် အဆင့်မြှင့်မယ်ဆိုလို့ရှိရင်တော့ (၁.၀၇) ဘီလီယံသန်း ကုန်ကျမှာ ဖြစ်ပါတယ်။ အဲဒီတော့ ချင်းပြည်နယ်အတွင်းမှာ ဒီနှစ်လျာထားတဲ့ လမ်း၊ တံတားများနဲ့ပတ်သတ်လို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေလျာထားချက်ကတော့ (၆.၂၅၈) ဘီလီယံရှိပါတယ်။ ကတ္တရာလမ်း (၉) မိုင်၊ ကျောက်ချောလမ်း အားဖြင့် (၂၄) မိုင်၊ မြေသားလမ်းအဖြစ် (၂၆၈) မိုင်၊ (၂) ဖာလုံ၊ သစ်သားတံတား (၈၄၀)၊ ရေပြွန် (၅၀၀) ဆောင်ရွက်ရန် ဒီနှစ်လျာထားတာဖြစ်ပါတယ်။ ပလက်ဝမြို့နယ်အချုပ်အနေနဲ့ပြောရရင်တော့ ကျွန်တော် ၂၀၁၄-၂၀၁၅ မှာတော့ ရန်ပုံငွေ (၃၄၉.၇) သန်း၊ အဲဒီမှာတော့ ကျောက်ချောလမ်း (၅) မိုင်နဲ့ သစ်သား တံတား (၁၂၀) ပေ လျာထားပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးမှ မေးမြန်းတဲ့ ပလက်ဝမြို့နယ် ရွာချင်းဆက်လမ်း (၄) လမ်းပေါ့။ သူကတော့ ဆိုင်ကယ်လမ်းဖြစ်ပြီးတော့ (၆၇) မိုင် ပေါင်းလိုက်ရင် ရှည်ပါတယ်ခင်ဗျား။ အဲဒါကို ကျွန်တော်တို့က ဒီနှစ် ၂၀၁၄-၂၀၁၅ မှာတော့ ရန်ပုံငွေလျာထားခြင်းမရှိပါဘူး။ သို့သော်လည်း လာမယ့် ၂၀၁၅-၂၀၁၆ မှာ ခုနက ဆိုင်ကယ်လမ်းဖြစ်တဲ့ ပလက်ဝ-ခဝဲ ရွာ ရွာချင်းဆက်လမ်း (၁၃) မိုင်၊ နောက်တစ်လမ်းကတော့ တမန်းသား-တွီးကင်းဝ လမ်းပိုင်း ဆိုင်ကယ်လမ်းပဲ ကျွန်တော်တို့ (၁၃) မိုင် အားလုံးပေါင်း (၂၆) မိုင်ကို လာမယ့် ၂၀၁၅-၂၀၁၆ မှာ ဘဏ္ဍာရေးနှစ်မှာ ဦးစားပေးအစီအစဥ်အနေနဲ့ ထည့်ပြီးတော့ တောင်းခံတင်ပြသွားပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်လို့ တင်ပြဖြေကြား ပေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်အတွင်းမှာ ကြောင်းဟဲန် နှင့် ဇာမွာလ်ကျေးရွာ ရွာချင်း ဆက်လမ်းအရှည်က (၁) မိုင်နဲ့ (၃) ဖာလုံ မှာ ကျွန်တော်တို့ ရွာ(၂) ရွာ ၊ အိမ်ခြေ (၁၅၃) နဲ့ လူဦးရေ (၇၇၀) ကို အကျိုးပြုပါတယ်။ အဲဒီအဆိုပါလမ်းကို (၁၈) ပေအကျယ် အဆင့်မြှင့်မှာဖြစ်ပါတယ်။

အဲဒီလိုလုပ်လို့ရှိရင် ကျွန်တော်တို့ ခန့်မှန်းကုန်ကျငွေ (၂၂) သန်းနဲ့ ကတ္တရာလမ်းအဖြစ် ဆက်ပြီးဆောင်ရွက်လို့ရှိရင် (၁၃၃.၁) သန်း စုစုပေါင်း (၁၅၅.၁၅၆) သန်း ကုန်ကျမှာဖြစ်ပါတယ်။ အဲဒီတော့ ချင်းပြည်နယ်မှာတော့ ကျွန်တော်တို့နဲ့ပတ်သက်လို့ အချုပ်အနေနဲ့ ၂၀၁၄-၂၀၁၅ မှာ အစောကလည်း ကျွန်တော်တို့ တင်ပြပြီး ဖြစ်ပါတယ်။ (၆.၂၅) ဘီလီယံ ကတ္တရာလမ်းအားဖြင့် (၉) မိုင် ကျောက်ချောလမ်းဖြင့် (၁၅) မိုင်၊ ဒီနှစ်ဘဏ္ဍာရေးနှစ်မှာ လျာထားတာ ဖြစ်ပါတယ်။ ယနေ့ မြန်မာ့အလင်း သတင်းစာမှာလည်း ပြည်နယ်နဲ့တိုင်းအလိုက် လမ်းတံတားများဆောက်လုပ်တဲ့ ဘဏ္ဍာငွေတွေအားလုံးကို သတင်းစာမှာ ကြေညာတာ (၂) ရက်ရှိပါပြီ။

ကျွန်တော်တို့ ပွင့်လင်းမြင်သာအောင် ကျွန်တော်တို့ ငွေနဲ့၊ လမ်းနဲ့ မြို့နယ်အလိုက် ထည့်ထားတာ ကျွန်တော်တို့ ကြေညာလျက် ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အဲဒီမှာ ဖလမ်းမြို့ နယ်ချုပ်နဲ့ပြောရရင်တော့ ၂၀၁၄-၂၀၁၅ မှာလည်း ကျွန်တော်တို့ (၉၃၀) သန်း ကျွန်တော်တို့ (.၇၁၅) သန်းပေါ့။ သန်းပေါင်း (၉၀၀) ကျော် ကျွန်တော်တို့ လျာထားပါတယ်။ အဲဒီမှာတော့ ကတ္တရာလမ်း (၃) မိုင် နဲ့ မြေသားလမ်း (၆၀ မိုင်)၊ (၁) ဖာလုံ ဆောင်ရွက်ဖို့ ဒီနှစ် ဘတ်ဂျက်မှာ လျာထားပါတယ်။

အဲဒီတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ဖလမ်းမြို့နယ် ကြောင်းဟဲန်နဲ့ ဇာမွာလ်ကျေးရွာ ရွာချင်းဆက်လမ်း (၁) မိုင်နဲ့ (၃) ဖာလုံကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာတော့ ကျွန်တော်တို့ လျာထားခြင်း မရှိပါဘူး။ သို့သော်လည်း သူက ကတ္တရာလမ်းအဆင့် ဆောင်ရွက်ချင်တယ်ဆိုတဲ့အတွက် ပထမအဆင့်အနေနဲ့ (၁) မိုင် နဲ့ (၃) ဖာလုံ၊ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ အတိုင်းပဲ၊ အဲဒါကို ကျွန်တော်တို့ ယခုနှစ် ဖြည့်စွက် ၂၀၁၄-၂၀၁၅ မှာ လျှောက်လမ်းအဖြစ် ပထမအဆင့် ကျွန်တော်တို့ လျာထားပြီးတော့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်ခင်ဗျား။

**မော်တော်ယာဉ်နှင့် စက်ယန္တရားများကို နယ်စပ်ဂိတ်များမှ တင်သွင်းခွင့်ပြုရာတွင် ကညနခွန်နှင့် အခြားအခွန်အကောက်များကို တစ်နိုင်ငံလုံး တစ်သမတ်တည်း မဟုတ်ဘဲ အသုံးပြုမည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် လျှော့ချကောက်ခံရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း က မော်တော်ယာဉ်နှင့် စက်ယန္တရားများကို နယ်စပ်ဂိတ်များမှ တင်သွင်းခွင့်ပြုရာတွင် ကညနခွန်နှင့် အခြား အခွန်အကောက်များကို တစ်နိုင်ငံလုံး တစ်သမတ်တည်းမဟုတ်ဘဲ အသုံးပြုမည့်ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် လျှော့ချကောက်ခံရန် အစီအစဉ် ရှိ၊ မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီမေးခွန်းမေးမြန်းခွင့်ရတဲ့အတွက် အများကြီး ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ဒီမေးခွန်းမေးမြန်းရခြင်းရဲ့ ရည်ရွယ်ချက်လေးကို နည်းနည်း တင်ပြခွင့်ပြုပါ။

ကျွန်တော်တို့နိုင်ငံကတော့ တော်တော်ကျယ်ဝန်းတဲ့နိုင်ငံ ဖြစ်ပြီးတော့ ဒီ တိုင်းနဲ့ပြည်နယ် (၁၄)ခုနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံဖြစ်ပါတယ်။ ဆိုတော့ အခုကားဈေးတွေကို ကျွန်တော်တို့ ကြည့်တဲ့အချိန်မှာ ဒီလိုမျိုး ချင်းပြည်နယ်လိုမျိုး အိမ်သုံးကား သိပ်မရှိတဲ့နေရာမျိုးအတွက် အသုံးပြုဖို့ဆိုရင်လည်း ဈေးကတော့ ဒီလောက်ပဲ။ ပြီးတော့ ရန်ကုန်နဲ့ မန္တလေးလိုမျိုး ဒီကား ပေါများတဲ့ ဒီယာဉ်ကြောပိတ်ဆို့တဲ့နေရာမျိုးမှာ အသုံးပြုဖို့ဆိုရင်လည်း ဒီဈေးနှုန်းကတော့ ဒီလောက်ပဲ။ ဆိုတဲ့အချိန်ကျတော့ ကျွန်တော်တို့ ဒီလိုမျိုးဖြစ်နေတာက မသင့်တော်ပါဘူးလို့ မြင်ပါတယ်။ ကျွန်တော်တို့ စင်ကာပူနိုင်ငံလိုမျိုးမှာတော့ ဒီလိုမျိုး တစ်သမတ်တည်းဖြစ်တာကတော့ အကြောင်းမဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံလိုမျိုး နယ်မြေကျယ်ပြန့်ပြီးတော့ လိုအပ်ချက်တွေကလည်း မတူညီတဲ့နေရာ၊ ပြီးတော့ အခြေအနေအရပ်ရပ်တွေက မတူညီတဲ့နေရာမျိုးမှာ ဒီလိုမျိုးဖြစ်နေတာကတော့ မသင့်တော်ပါဘူး။ ပြီးတော့ ကျွန်တော်တို့ အာဏာခွဲဝေမှုအပိုင်းမှာလည်း ဒီလိုတစ်သမတ်တည်း တစ်တိုင်းပြည်လုံးအတွက် လုပ်တာမျိုးမဟုတ်ဘဲနဲ့ အခုမှာတော့ ဒီပြည်နယ်နဲ့တိုင်းအလိုက်ပေါ့။ စီရင်ခွင့်လေးတွေပေါ့နော်။ ပိုပြီးတော့ ပေးမယ်ဆိုရင်လည်း သူတို့က ပိုပြီးတော့ သင့်မြတ်ပါတယ်။

အဲဒါကြောင့် အဲဒီလိုမြင်လို့ ကျွန်တော်က ကားဈေးတွေကို ကျွန်တော် လေ့လာတဲ့အချိန်မှာလည်း အခွန်အကောက် ကောက်ပြီးတော့ ကားသွင်းခွင့်မှာ လိုအပ်တဲ့အခွန်တွေ၊ ပြီးတော့ ဒီ ကညနကနေ သွင်းတဲ့ အခွန်တွေကြောင့် ကားဈေးက များရခြင်း ဖြစ်ပါတယ်။ တကယ့်ကားရဲ့ တန်ဖိုးကတော့ သိပ်မများပေမယ့် ဒါတွေကို ထပ်ပေါင်းတဲ့အချိန်မှာ ဒီဈေးနှုန်းဖြစ်သွားတာကို လေ့လာရပါတယ်။ အဲဒါကြောင့် လိုအပ်တဲ့ ချင်းပြည်နယ်လိုနေရာမျိုးမှာ သုံးဖို့ကားတွေကို ဈေးသက်သာစေချင်လို့ မေးရခြင်းဖြစ်ပါတယ်။ အဲဒါကြောင့် မော်တော်ယာဉ်နဲ့ စက်ယန္တရားများကို နယ်စပ်ဂိတ်များမှ တင်သွင်းခွင့်ပြုရာတွင် က.ည.န ခွန်နဲ့ အခြားအခွန်အကောက်များကို တစ်နိုင်ငံလုံး တစ်သမတ်တည်း မဟုတ်ဘဲ အသုံးပြုမည့်ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် လျှော့ချကောက်ရန်အစီအစဉ် ရှိ၊ မရှိ မေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၈။**

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်းရဲ့မေးခွန်းကို ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ မေးမြန်းချက်က မော်တော်ယာဉ်နှင့် စက်ယန္တရားများကို နယ်စပ်ဂိတ်များမှ တင်သွင်းခွင့်ပြုတဲ့နေရာမှာ ကညနခွန်နှင့် အခြားအခွန်အကောက်များကို တစ်နိုင်ငံလုံး တစ်သမတ်တည်း မဟုတ်ဘဲ အသုံးပြုမည့်ပြည်နယ်နှင့် တိုင်းဒေသအလိုက် လျှော့ချကောက်ခံရန် အစီအစဉ် ရှိ၊ မရှိနဲ့ မေးခွန်းဖြစ်ပါတယ်။

ဒီမေးခွန်းဟာ ဝန်ကြီးဌာန(၃)ခုနဲ့ဆက်စပ်နေပါတယ်။ ကျွန်တော်တို့ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့လည်းဆက်စပ်ပါတယ်။ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့လည်း ဆက်စပ်ပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနဲ့လည်း ဆက်စပ်နေပါတယ်။ ထိုသို့ ဆက်စပ်နေတဲ့အတွက်ကြောင့် အဆိုပါ ဝန်ကြီးဌာနများမှ အဖြေများကိုပါ ရယူပြီးတော့ ကျွန်တော် တစ်ပေါင်းတည်း ဖြေပေးသွားမှာဖြစ်ပါတယ်။

ပထမဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ အဖြေကို ကျွန်တော်တင်ပြပါမယ်။ ဒီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ကတော့ သွင်းကုန်လိုင်စင်ကောက်ခံတာဖြစ်ပါတယ်။ သွင်းကုန်လိုင်စင်နဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာနအနေနဲ့ ဆိပ်ကမ်းရောက်တန်ဖိုးအပေါ်မှာ သွင်းကုန်လိုင်စင်ကြေး အနည်းဆုံး (၂၅၀) ကနေပြီးတော့ အများဆုံး(၅၀၀၀၀)အထိ ကောက်ခံပြီးတော့ Online ကြေး(၂၅၀၀) တစ်ပြေးညီ ကောက်ခံလျက်ရှိတယ်လို့ ဖြေကြားထား

ပါတယ်။ ထို့အတူပဲ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ကတော့ ကညနအခွန်လို့ ခေါ်တဲ့ အခွန်ကောက်ခံတာပါ။ ဒါနဲ့ ပတ်သက်လို့ကတော့ ဖြေကြားချက် ကတော့ ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေနဲ့ ၁၉၈၉ မော်တော်ယာဉ် နည်းဥပဒေများအရ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်ကစပြီးတော့ အခွန်တွေကို ပြောင်းလဲကောက်ခံလျက်ရှိတယ်လို့ ဖြေကြားလာပါတယ်။ ဖြေကြားချက်ထဲမှာ လုပ်ငန်းသုံးယာဉ်များ၊ ကုန်တင်ယာဉ်များကို (၅) ရာခိုင်နှုန်း ကောက်ခံပါတယ်လို့ ဖော်ပြထားပါတယ်။ ခရီးသည်ယာဉ်တွေကိုတော့ (၅) ရာခိုင်နှုန်းကောက်ခံ ပြီးတော့ လူစီးယာဉ်တွေကိုတော့ စက်စွမ်းအားပမာဏအလိုက် (၃၀) ရာခိုင်နှုန်းမှ (၁၂၀) ရာခိုင်နှုန်း အထိ ကောက်ခံမယ်လို့ ဖြေထားပါတယ်။ လူနဲ့ကုန်နှစ်မျိုးစလုံးသုံးတဲ့ ယာဉ်တွေကိုတော့ (၄၀) ရာခိုင်နှုန်း ကောက်ခံပါတယ်။ စက်ယန္တရားကြီးများကိုကျတော့ ယာဉ်မှတ်ပုံတင်ခ ကောက်ခံခြင်း မပြုကြောင်း ဖြေကြားထားပါတယ် ခင်ဗျား။

တစ်ဆက်တည်းမှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ဖြေကြားတာကတော့ တစ်သမတ် တည်းကောက်ခံရတဲ့ ရည်ရွယ်ချက်ကတော့ တစ်သမတ်တည်း မဟုတ်ဘဲနဲ့ ကောက်ခံမယ်ဆိုလို့ရှိရင် သက်သာတဲ့ နေရာမှာသွားပြီးတော့ မှတ်ပုံတင်မယ်။ အဲဒီလိုတင်တဲ့အတွက်ကြောင့် ဘဏ္ဍာခွန်လည်း လျော့နည်းသွားမှာဖြစ်တဲ့အပြင် ထိန်းသိမ်းကြပ်မတ်တဲ့နေရာမှာလည်း လျော့ရဲသွားမှာဖြစ်တဲ့အတွက် ကြောင့် တစ်သမတ်တည်းကောက်ခံတယ်ဆိုပြီးတော့ ဖြေထားပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ကောက်ခံတဲ့ အကောက် ခွန်နဲ့ အခွန်ကုန်သွယ်လုပ်ငန်းခွန်ကို ဖြေပါမယ်။ အကောက်ခွန်ဌာနအနေနဲ့ကတော့ ကမ္ဘာ့ အကောက်ခွန်အဖွဲ့ချုပ်ရဲ့ အဖွဲ့ဝင်ဖြစ်တဲ့အတွက် သတ်မှတ်ထားတဲ့ သတ်မှတ်ချက်များနဲ့အညီ တစ်ပြေးညီပဲ ကောက်ခံရပါတယ်။ ကျွန်တော်တို့ ကုန်သွယ်လုပ်ငန်းခွန်နဲ့ ပတ်သက်လို့ကတော့ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲ ဇယား(၄) မှာပါတဲ့အတိုင်း လေးပုံတစ်ပုံတန်နဲ့အထက် ယာဉ်တွေကို (၅) ရာခိုင်နှုန်း ကောက်ခံပြီးတော့ ဇယား(၆) မှာပါတဲ့အတိုင်းပဲ ဆလွန်းကားတို့၊ ဆီဒင်ကားတို့ စတဲ့ကားများကိုတော့ တန်ဖိုးအပေါ်မှာ (၂၅) ရာခိုင်နှုန်း ကောက်ခံတယ်ဆိုပြီးတော့ ဖြေထားပါတယ်။ တချို့ ပြန်လည်တင်ပြရမယ် ဆိုလို့ရှိရင်တော့ လောလောဆယ်မှာတော့ တစ်ပြေးညီပဲ ကောက်ခံလျက်ရှိကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ်ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၅)နာရီအချိန်တွင် ရပ်နားပြီး (၁၁း၂၀)အချိန်တွင် ပြန်လည် ကျင်းပ ပါသည်။]

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။ ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းမယ့် မေးခွန်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**တပ်မတော်ဆေးတက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း(ခ) တက်ရောက်နေစဉ် ထုတ်ပယ်ခြင်းခံခဲ့ရသော မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ ရှင်အုံးညိုလမ်းတွင် နေထိုင်သူ ဗိုလ်လောင်း ရဲထွဋ်ဝင်း အား ဆေးတက္ကသိုလ်(မကွေး)တွင် ပညာဆက်လက် သင်ယူခွင့် ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း (ဥက္ကဋ္ဌ၊ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ) က တပ်မတော်ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း (ခ) တက်ရောက်နေစဉ် ထုတ်ပယ်ခြင်းခံခဲ့ရသော မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ ရှင်အုံးညို လမ်းတွင် နေထိုင်သူ ဗိုလ်လောင်းရဲထွဋ်ဝင်း အား ဆေးတက္ကသိုလ်(မကွေး)တွင် ပညာဆက်လက် သင်ယူခွင့် ခွင့်ပြုပေးနိုင်ခြင်း ရှိ၊ မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ ပြည်သူ တို့၏တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီဥက္ကဋ္ဌတာဝန်ယူဆောင်ရွက်နေသူလည်းဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ ကိုယ်စား ကျွန်တော့်အနေနဲ့မေးမြန်းလိုတဲ့ မေးခွန်းကတော့ တပ်မတော်ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း (ခ) တက်ရောက်နေစဉ် ထုတ်ပယ်ခြင်းခံခဲ့ရသော မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ ရှင်အုံးညို လမ်းတွင်နေထိုင်သူ ဗိုလ်လောင်းရဲထွဋ်ဝင်း အား ဆေးတက္ကသိုလ်(မကွေး)တွင် ပညာဆက်လက် သင်ယူခွင့် ခွင့်ပြုပေး နိုင်ခြင်း ရှိ၊ မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

အထက်ပါမေးခွန်းကိစ္စနဲ့ပတ်သက်လို့ မောင်ရဲထွဋ်ဝင်း၊ အမှတ် (၄၈၅)၊ ရှင်အုံးညိုလမ်း၊ မောင်းတိုင်(၁)ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီးမှ အောက်ပါအတိုင်း ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီကို တင်ပြလာခဲ့ပါတယ်။ တင်ပြသူမောင်ရဲထွဋ်ဝင်း သည် ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြောင်း၊ တပ်မတော်ဆိုင်ရာ ဆရာဝန် တစ်ဦးအနေဖြင့် နိုင်ငံတော်တာဝန် ထမ်းဆောင်စဉ်တွင် တပ်မတော်ဆေးတက္ကသိုလ်၊

ရန်ကုန်သို့ ၁၇-၁၁-၂၀၀၅ ရက်နေ့တွင် တက်ရောက်ခဲ့ကြောင်း၊ တပ်မတော် ဆေးတက္ကသိုလ် တက်စဉ် ကာလအတွင်း စည်းကမ်းလိုက်နာခဲ့ကြောင်း၊ တတိယနှစ်တွင် ရောဂါဗေဒဘာသာ ဂုဏ်ထူးဖြင့် လည်းကောင်း၊ နောက်ဆုံးနှစ်အပိုင်း(က)တွင် ဥပဒေရေးရာဆေးပညာကာကွယ်ရေးနှင့် လူမှုရေးဆေးပညာ ဘာသာရပ်များတွင်လည်းကောင်း ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြောင်း၊ သင်တန်းပြီးဆုံးရန် (၇)လခန့် အလို နောက်ဆုံးနှစ်အပိုင်း(ခ)တွင် တင်ပြသူ ဗိုလ်လောင်းရဲထွဋ်ဝင်း တက်ရောက်နေစဉ် နောက်ဆုံးနှစ် အပိုင်း(က)မှ ဗိုလ်လောင်းသက်နိုင်အောင် အား နားမလည်သော သင်ခန်းစာများကို ရှင်းပြပေးခဲ့ကြောင်း၊ ၁၀-၅-၂၀၁၀ ရက်နေ့တွင် ဗိုလ်လောင်း သက်နိုင်အောင်မှ စာရှင်းပြရန် အကူအညီ တောင်းသောကြောင့် တင်ပြသူထံလာနေစဉ် အဆောင်စကြ်နှ်၌ တင်ပြသူ ဗိုလ်လောင်းရဲထွဋ်ဝင်းနှင့် အတန်းတူ ဗိုလ်လောင်းနိုင်ထူးအောင်၊ ဗိုလ်လောင်းစိုင်းငြိမ်းချမ်းအောင်၊ ဗိုလ်လောင်းကျော်စိုးထက် တို့က ဗိုလ်လောင်းသက်နိုင်အောင် အား ထိုးကြိတ်ခဲ့ရာ ညာဘက်အထက် နှုတ်ခမ်းအတွင်းချုပ် (၁၂)ချက်၊ အပြင်ချုပ်(၁၀)ချက်ရသည်အထိ ဒဏ်ရာရခဲ့ကြောင်း၊ ဖော်ပြပါ ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ရာ ပထမအကြိမ်စစ်ဆေးချိန်တွင် ထူးခြားချက် မရှိကြောင်း၊ နှစ်ပတ်ကြာမှ ပြန်လည်စစ်ဆေးရန်မှတ်ချက် ပေးခဲ့ပြီး ပတ်ဝန်းကျင်နှင့် လိုက်လျော ညီထွေမှုမရှိခြင်း (Adjustment Disorder)ဟု ဖော်ပြခဲ့ကြောင်း၊ ၂၀-၇-၂၀၁၀ ရက်နေ့တွင် တပ်မတော်ဆေးတက္ကသိုလ်ဆိုင်ရာအရာရှိမှ ဗိုလ်လောင်းအချင်းချင်း မသင့်မလျော် ချစ်သူရည်းစား ထားမှု အကြောင်းပြချက်ဖြင့် တင်ပြသူဗိုလ်လောင်းရဲထွဋ်ဝင်းနှင့် ထိုးကြိတ်ခံရသဖြင့် ညာဘက် အထက် နှုတ်ခမ်းအတွင်းချုပ် (၁၂)ချက်၊ အပြင်ချုပ်(၁၀)ချက်ချုပ်ရသည်အထိ ဒဏ်ရာရခဲ့သူ ဗိုလ်လောင်းသက်နိုင်အောင် တို့ကို တပ်မတော်ဆေးတက္ကသိုလ်မှ အပြီးအပြတ်ရာသက်ပန် ထုတ်ပယ် ၍ အရေးယူခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ရိုက်နှက်ထိုးကြိတ်ခဲ့သော ဗိုလ်လောင်းနိုင်ထူးအောင်၊ ဗိုလ်လောင်း စိုင်းငြိမ်းချမ်းအောင်၊ ဗိုလ်လောင်း ကျော်စိုးထက် တို့အဖွဲ့က သက်ဆိုင်ရာသို့ လက်ဦးမှု ရယူ၍ လိမ်လည်တိုင်ကြားခဲ့ခြင်း၊ တင်ပြသူနှင့် ဗိုလ်လောင်းသက်နိုင်အောင် တို့နှစ်ဦးအား သက်ဆိုင်ရာ ဆေးကုသဌာနမှ မှတ်ချက်တွင် သာမန်ဆေးအဆင့် နှိမ့်ချမှုသာ ဖော်ပြထားကြောင်းနှင့် ထိုးကြိတ်သူ ဗိုလ်လောင်းသုံးဦးအား မည်သည့်ပြစ်ဒဏ်မှ ပေးခြင်းမရှိကြောင်း၊ တင်ပြသူအား ကြီးမားသော ပြစ်ဒဏ်ပေးမှုကြောင့် များစွာ ထိခိုက်နစ်နာရကြောင်း၊ တင်ပြသူ၏ ဖခင်ဖြစ်သူ ဦးဝင်းနိုင်၊ ဒုတိယဦးစီးမှူး၊ မြို့နယ်သမဝါယမဦးစီးဌာန ၂၀-၁-၁၉၉၂ ရက်နေ့တွင် တောင်တွင်းကြီးမြို့နယ် အတွင်း နှမ်းဝယ်ယူရေး တာဝန်ထမ်းဆောင်စဉ်တွင် ရွာသားများက ဝိုင်းဝန်းရိုက်နှက်ခဲ့သဖြင့် တိုင်းပြည်တာဝန် ထမ်းဆောင်စဉ် ကွယ်လွန်ခဲ့ကြောင်း၊ ဖခင်နှင့်အတူ ငါးဦး သေဆုံးခဲ့ကြောင်း၊ တင်ပြသူအနေဖြင့် တပ်မတော်ဆေးတက္ကသိုလ် တက်ရောက်စဉ် စည်းကမ်းများ ကိုလိုက်နာခဲ့ကြောင်း၊ တခြားဗိုလ်လောင်းများ၏ လိမ်ညာ၍တိုင်ကြားခဲ့ခြင်းဖြစ်သည့် ဗိုလ်လောင်း အချင်းချင်း မသင့်မလျော် ချစ်သူရည်းစား ထားသည်ဆိုသည့် မမှန်မကန် ပြစ်တင်စွပ်စွဲမှုကြောင့် တင်ပြသူမှာများစွာ ထိခိုက်နစ်နာစေခဲ့ကြောင်း၊ တင်ပြသူ၏မူလရည်မှန်းချက်ဖြစ်သော ပြည်သူ တစ်ရပ်လုံး၏ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခွင့် အခွင့်အရေးရရှိလိုသောဆန္ဒကြောင့် သက်ဆိုင် ရာ ကျန်းမာရေးဝန်ကြီးဌာန နှင့် ညှိနှိုင်းပြီး အရပ်ဖက် ဆေးတက္ကသိုလ်(မကွေး)သို့ သင့်လျော်သည့် အတန်းမှ ပညာသင်ကြားခွင့် ပြုပါရန် အသနားခံ တင်ပြလာခဲ့ပါတယ်။

ထို့အပြင် ဗိုလ်လောင်းရဲထွဋ်ဝင်း ၏ မိခင်ဖြစ်သူ ဒေါ်ရီသိန်း ကလည်း ၎င်း၏ခင်ပွန်းဖြစ်သူသည် တိုင်းပြည်တာဝန်ထမ်းဆောင်စဉ် ရက်စက်စွာ အသတ်ခံခဲ့ရခြင်း၊ သားဖြစ်သူ ဗိုလ်လောင်းရဲထွဋ်ဝင်း မှာလည်း မမှန်မကန်လိမ်လည်တိုင်ကြားသူများ၏မတရားစွပ်စွဲမှုကြောင့် တပ်မတော်ဆေးတက္ကသိုလ်နောက်ဆုံးနှစ်အပိုင်း(ခ)မှ ထုတ်ပယ်ခံခဲ့ရခြင်း စသည်အပေါ် လူသားချင်းစာနာစိတ်ဖြင့် သူမ၏ သား မောင်ရဲထွဋ်ဝင်း ကို တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့စဉ်က ဝင်ခွင့်ရခဲ့သော အရပ်ဖက်ဆေးတက္ကသိုလ်သို့ ပြန်လည်တက်ရောက်ခွင့်ပြုပါရန် အသနားခံတင်ပြလာခဲ့ပါတယ်။

ထိုသို့ တင်ပြချက်များအပေါ် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ အနေဖြင့် ကာယကံရှင် မနစ်နာစေရေးအတွက် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် ဤကော်မတီ၏ ၃၁-၁-၂၀၁၃ ရက်စွဲပါစာအမှတ် ၂/အမ (ကော်မတီ -၂) ၆/၂၀၁၃-၀၂၉ ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့ခဲ့ပါတယ်။ အလားတူ မကွေးတိုင်းဒေသကြီးလွှတ်တော်သို့လည်း ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပေးပို့ခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဖြေရှင်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို လုံးဝပြန်ကြားလာခြင်းမရှိခဲ့ပါ။ ဤကော်မတီမှ ပေးပို့ချက်အပေါ် ဒီ ပြည်ထောင်စုအစိုးရအဖွဲ့က အရေးယူဆောင်ရွက်ပြီးစီးမှုအခြေအနေကို တစ်နှစ်၊ လေးလခန့်ကြာသည့်တိုင်အောင် ပြန်ကြားလာခြင်း မရှိသော်လည်း မကွေးတိုင်းဒေသကြီးလွှတ်တော်မှ အရေးယူ ဖြေရှင်းဆောင်ရွက်ထားရှိမှု အခြေအနေကို အောက်ပါအတိုင်း ပြန်ကြားလာခဲ့ပါတယ်။

မကွေးတိုင်းဒေသကြီး လွှတ်တော်အနေဖြင့် သက်ဆိုင်ရာကျွမ်းကျင်သူဆေးပညာရှင်များနှင့် ညှိနှိုင်းကာ မောင်ရဲထွဋ်ဝင်း၏ စိတ်ကျန်းမာရေးအခြေအနေသည် အရပ်ဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တစ်ခုခုတွင် ဆေးပညာဘာသာရပ်ကို ဆုံးခန်းတိုင်အောင် ဆက်လက်ပညာ သင်ကြားနိုင်မှုအခြေအနေ ရှိ၊ မရှိ နဲ့ ဆေးပညာရှင် ဆရာဝန်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် အခြေအနေ ရှိ၊ မရှိ၊ ဆေးစစ်ဆေး ထင်မြင်ချက်ကို သက်ဆိုင်ရာကာယကံရှင် မောင်ရဲထွဋ်ဝင်း၏ သဘောတူညီချက်ဖြင့် မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ တိုင်းဒေသကြီးဆေးရုံအုပ်ကြီးမှ ဆေးစစ်ဆေးပေးနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အကြောင်းကြားခဲ့ပါကြောင်း၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ တိုင်းဒေသကြီးဆေးရုံတွင် စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီး ခန့်ထားမှုမရှိသေးပါ၍ မန္တလေးမြို့သို့ သွားရောက်စစ်ဆေးရန် အကြောင်းပြန်ခဲ့ပါကြောင်း၊ သို့ပါ၍ မကွေးတိုင်းဒေသကြီးလွှတ်တော်မှ ဆေးရုံအုပ်ကြီး၊ စိတ်ကျန်းမာရေး အထူးကုဆေးရုံ မန္တလေးသို့ မောင်ရဲထွဋ်ဝင်း ကို အမှာစာနဲ့အတူစေလွှတ်၍ ဆေးစစ်ထင်မြင်ချက် ရယူဆောင်ရွက်ခဲ့ပါကြောင်း၊ တင်ပြပါ မောင်ရဲထွဋ်ဝင်း၏ စိတ်ကျန်းမာရေးကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန မန္တလေးမြို့မှ ဆေးရုံမှတ်ပုံတင်အမှတ် ၁၇၉၉/၁၃ ဖြင့် ၄-၉-၂၀၁၃ ရက်နေ့မှ ၆-၉-၂၀၁၃ ရက်နေ့အထိ စမ်းသပ်စစ်ဆေးခဲ့ပြီး စိတ်ကျန်းမာရေးဘုတ်အဖွဲ့မှ မောင်ရဲထွဋ်ဝင်း သည် စမ်းသပ်စစ်ဆေးချိန်တွင် စိတ်ရောဂါလက္ခဏာများ မတွေ့ရှိရကြောင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို ၆-၉-၂၀၁၃ ရက်စွဲပါ စာအမှတ် ၁၁၅/စိတ်ကျန်းမာ (၂၀၁၃) ဖြင့် မကွေးတိုင်းဒေသကြီးသို့ ပြန်ကြားခဲ့ပါကြောင်း၊ သို့ပါ၍ အသနားခံစာတင်သွင်းသူ မောင်ရဲထွဋ်ဝင်း အား လာမည့်စာသင်နှစ် ဆေးတက္ကသိုလ်(မကွေး)တွင် ဆေးတက္ကသိုလ်နောက်ဆုံးနှစ် အပိုင်း(ခ)၌

တက်ရောက် ပညာဆက်လက်သင်ကြားခွင့်ကို သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနက ခွင့်ပြုနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ရန် ဆေးစစ်ဆေးထင်မြင်ချက်မူရင်းနဲ့ ဆက်စပ်စာတွဲများကို ပူးတွဲပေးပို့ အစီရင်ခံ တင်ပြလာခဲ့ပါတယ်။

မကွေးတိုင်းဒေသကြီးလွှတ်တော်ရဲ့ တင်ပြချက်အပေါ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်နဲ့အညီ အသနားခံတင်ပြသူ မောင်ရဲထွဋ်ဝင်း ၏ အသနားခံတင်ပြမှုနှင့် စပ်လျဉ်းပြီး မကွေးတိုင်းဒေသကြီးလွှတ်တော်၏ ထောက်ခံတင်ပြမှုအပေါ် ကျန်းမာရေးဝန်ကြီးဌာနက ခွင့်ပြု ဆောင်ရွက်ပေးနိုင်ပါရန် ဆက်စပ်စာတွဲများနှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဤကော်မတီ၏ ၁၀-၁၀-၂၀၁၃ ရက်စွဲပါစာအမှတ် ၂/အမ(ကော်မတီ-၂) ၆/၂၀၁၃-၆၁၃ ဖြင့် ဒုတိယအကြိမ် ထပ်မံ ပေးပို့ခဲ့ပါတယ်။ သို့ရာတွင် ယနေ့အချိန်အထိ ဆောင်ရွက်ထားမှုအခြေအနေ ပြန်ကြားခြင်း လုံးဝမရရှိ ခဲ့ပါ။ အသနားခံတင်ပြသူ မောင်ရဲထွဋ်ဝင်း မှ ၃-၂-၂၀၁၄ ရက်စွဲဖြင့် ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ထံ ဆေးတက္ကသိုလ်(မကွေး)တွင် ပညာဆက်လက် သင်ယူခွင့်ပြုနိုင်ရေးအတွက် ကျန်းမာရေး ဝန်ကြီးဌာနက ဆောင်ရွက်ပေးနိုင်ပါရန် အမျိုးသားလွှတ်တော်က ဆက်လက်တင်ပြ ဆောင်ရွက် ပေးပြီး ဖြစ်သော်လည်း ယခုအချိန်အထိ တစ်စုံတစ်ရာ မသိရှိရပါသောကြောင့် ဆက်လက်ဆောင်ရွက် ပေးပါရန် ထပ်မံတင်ပြလာခဲ့ပါတယ်။

ထိုသို့ တင်ပြချက်အပေါ် မကွေးတိုင်းဒေသကြီးလွှတ်တော်မှ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ထံ လိပ်မူ၍ မောင်ရဲထွဋ်ဝင်း၏ ထပ်မံအသနားခံတင်ပြချက်အပေါ် သက်ဆိုင်ရာ ပြည်ထောင်စု အစိုးရအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးက လာမည့်စာသင်နှစ် ဆေးတက္ကသိုလ် (မကွေး) တွင် ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း(ခ) တက်ရောက်ပညာသင်ကြားခွင့် အမြန်ချမှတ် ဆောင်ရွက် ပေးနိုင်ပါရန် မကွေးတိုင်းဒေသကြီးလွှတ်တော်၏ ၁၃-၂-၂၀၁၄ ရက်စွဲပါ စာအမှတ်၁၂/၁-၂/ဦး(၆) ဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ထပ်မံတင်ပြလာခဲ့ပါတယ်။

ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ အနေဖြင့် ၃၁-၃-၂၀၁၃ ရက်စွဲပါစာအမှတ် ၂/အမ(ကော်မတီ-၂) ၆/၂၀၁၃-၀၂၉ နှင့် ဤကော်မတီ၏ ၁၀-၁၀-၂၀၁၃ ရက်စွဲပါစာအမှတ် ၂/အမ(ကော်မတီ-၂) ၆/ ၂၀၁၃-၆၁၃ တို့ဖြင့် အသနားခံစာ တင်ပြခြင်းအပေါ် ကာယကံရှင် မနစ်နာစေ ရေးအတွက် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန်နှင့် မကွေးတိုင်းဒေသကြီးလွှတ်တော်၏ ထောက်ခံတင်ပြမှုအပေါ် ကျန်းမာရေးဝန်ကြီးဌာနက ခွင့်ပြုဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စု အစိုးရအဖွဲ့သို့ ပေးပို့ထားမှုနှင့် ပတ်သက်၍ အောက်ဖော်ပြပါမေးခွန်းများကို မေးမြန်းတင်ပြ အပ်ပါတယ်။ (၁) တင်ပြသူ မောင်ရဲထွဋ်ဝင်းအား ဆေးတက္ကသိုလ်(မကွေး)သို့ တက်ရောက် ဆက်လက် ပညာသင်ကြားခွင့် ခွင့်ပြုပေးနိုင်ခြင်း ရှိ၊ မရှိ။ (၂) တက်ရောက် ပညာ သင်ကြားခွင့် ခွင့်ပြုမည်ဆိုပါက မည်သည့်အချိန်၊ မည်သည့်စာသင်နှစ်မှစ၍ တက်ရောက် ပညာသင်ကြားခွင့် ပြုပေးမည်။ (၃) ခွင့်မပြုနိုင်ပါက မည်သည့်အတွက်ကြောင့် ခွင့်ပြုမပေးနိုင်သည် တို့ကို ကာယကံရှင် နစ်နာမှု မရှိစေရေးအတွက်လည်းကောင်း၊ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးနစ်နာမှုမရှိစေရေး အတွက်လည်းကောင်း၊ နိုင်ငံတော်အတွက် ဆေး အတတ်ပညာရှင် ဆရာဝန်များတိုးပွားလာရေး အတွက်လည်းကောင်း ရည်ရွယ်လျက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်အတွင်းရှိ မြို့နယ်အဆင့်ဆေးရုံများအား အနိမ့်ဆုံး ခုတင်(၅၀)ဆံ့ ဆေးရုံများအဖြစ် ချထား ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်မြင့်က နိုင်ငံတော်အတွင်းရှိ မြို့နယ်အဆင့် ဆေးရုံများအား အနိမ့်ဆုံး ခုတင်(၅၀)ဆံ့ ဆေးရုံများအဖြစ် ချထား ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်အပေါင်းတို့ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြို့နယ်အဆင့် ဆေးရုံများကို အနိမ့်ဆုံးအဆင့် ခုတင်(၅၀)ဆံ့ ဆေးရုံများအဖြစ် ချထားပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ ဦးတည်လျှောက်လှမ်းနေပြီ ဖြစ်ပါတယ်။ ကျန်းမာကြံ့ခိုင်၍ ပညာရည်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရန် လိုအပ်လာပြီ ဖြစ်ပါတယ်။ နိုင်ငံတော်မှလည်း လူ့စွမ်းအားအရင်းအမြစ်၏အဓိကကျသည့် ဌာနကြီးများ ဖြစ်သည့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတော်ဘတ်ဂျက်ကို ပိုမိုသုံးစွဲလာသည်ကိုလည်း တွေ့ရပါတယ်။ ကျန်းမာရေးကဏ္ဍတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ကျပ် (၄၉၉) ဘီလီယံခန့် စုစုပေါင်း အသုံးစရိတ်ရဲ့ (၃.၁) ရာခိုင်နှုန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ကျပ်(၆၅၂) ဘီလီယံကျော် စုစုပေါင်းအသုံးစရိတ်၏ (၃.၄)ရာခိုင်နှုန်းထိ တိုးတက်သုံးစွဲလာတာကို တွေ့ရှိရပါတယ်။

နိုင်ငံတော်မှ ယခုကဲ့သို့ ဘဏ္ဍာငွေများ သုံးစွဲလာခြင်းဟာ ၎င်းတို့ ချမှတ်ထားတဲ့ ကျန်းမာရေး မူဝါဒများကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ မူဝါဒမှာ မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အဦများနဲ့ လိုက်လျောညီထွေမှုရှိမယ့် ကျန်းမာရေးစောင့်ရှောက်မှု၊ လူတိုင်းလက်လှမ်းမီ လွှမ်းခြုံစေမယ့် အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ရေး၊ ကျေးလက်မြို့ပြ ဆင်ခြေဖုံးနဲ့ နယ်စပ်ဒေသများ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ရေးဟူ၍ ပါရှိသည်ကို တွေ့ရှိရပါတယ်။ ထိုမူဝါဒများကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံသားတိုင်း အရည်အသွေး ပြည့်ဝသော၊ ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားနိုင်ရေးအတွက် ကျန်းမာရေး ဌာနများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း ဆေးဝါးနဲ့ စက်ပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ခန့်ထားခြင်းများ ပြုလုပ်လျက်ရှိနေတယ်။ မြို့ပြနှင့် ကျေးလက် ကျန်းမာရေးစောင့်ရှောက်မှု ကွာဟချက် နည်းနိုင်သလောက် နည်းအောင် ဆောင်ရွက်ရန် စီစဉ်ထား ရှိမှုများ ရှိနေတာကို သိရှိရပါတယ်။

သို့သော် ယနေ့ အချိန်များမှာ မြို့နယ်အတော်များများမှာ ထိုကဲ့သို့သော စောင့်ရှောက်ခံစားရမှု ကွာခြားချက်များ ရှိတုန်းပင် ဖြစ်ပါတယ်။ အရေးပေါ် မဆုံးရှုံးသင့်ဘဲ အသက်ဆုံးရှုံးခဲ့ရတဲ့ ဖြစ်စဉ် များလည်း ကြုံကြိုက်နေရပါတယ်။ ထိုကဲ့သို့သော ဖြစ်စဉ်များကို ကျေးရွာအဆင့်ထိ လွှမ်းခြုံမှု မပေးနိုင်ပေမယ့် မြို့နယ်အဆင့်များထိ ဖြန့်ကျက်လွှမ်းခြုံထားပေးရင်ဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှာလည်း လက်လှမ်းမီလာနိုင်မည် ဖြစ်ပါတယ်။ တချို့သောမြို့နယ်များမှာ ယနေ့အချိန်ထိ ၁၆ ခုတင်ဆေးရုံ၊ ၂၅ ခုတင်ဆေးရုံများအဆင့်သာ ရှိနေသေးတာကို တွေ့ရပါတယ်။ ၎င်းဆေးရုံများရဲ့ ဖွဲ့စည်းပုံအရ သားဖွားမီးယပ်အထူးကု၊ အထွေထွေ ရောဂါကု အထူးကု ဆရာဝန်များ မရှိကာ တကယ့် အရေးကြုံ၍ လိုအပ်လာရင် ခရိုင်/တိုင်းဆေးရုံကြီးများသို့ တက်ရောက်ကြရပါတယ်။ ငွေကြေး တတ်နိုင်သူများအတွက် ဖြစ်နိုင်ကြပါသော်လည်း မရှိဆင်းရဲသားများအတွက်က ကမ္ဘာသကာပင် ဖြစ်ပါတော့တယ်။

ထို့ကြောင့် ကျေးလက်များ လက်လှမ်းမီနိုင်မယ့် မြို့နယ်အဆင့် ဆေးရုံကြီးများ၊ တတ်သိ ဆရာဝန်ကြီးများ ထားရှိပေးနိုင်ရန်အတွက် အနည်းဆုံး ခုတင် (၅၀) ဆံ့ ဆေးရုံများအဆင့်ထိ တိုးမြင့် ချထားပေးသင့်သည်ဟု ထင်မြင်မိပါတယ်။ သို့သော် အချို့နေရာများမှာ ကျန်းမာရေး စောင့်ရှောက်မှု အခွင့်အရေးများ ပိုမိုခံစားခွင့်ရှိနေတာကို တွေ့နေရပါတယ်။ ယခု နေပြည်တော်ကြီးကိုပဲ ဥပမာပေး တင်ပြလိုပါတယ်။ နေပြည်တော်ကြီးမှာ လူဦးရေ သိပ်သည်းမှုလည်း သိပ်မများလှပါ။ တိုင်းပြည် မြို့တော်ကြီးဖြစ်သဖြင့် ခုတင် (၁၀၀၀) ဆံ့ ဆေးရုံကြီး ထားရှိသည်မှာ သင့်မြတ်လှပါတယ်။ သို့သော် ခရီးမိုင်အားဖြင့် (၁၀) မိုင်အကွာ ပတ်ဝန်းကျင်ရှိသည့် မြို့နယ်များမှာ ခုတင် (၂၀၀) ဆေးရုံ၊ ခုတင် (၁၀၀) ဆေးရုံနဲ့ အနိမ့်ဆုံး ခုတင် (၅၀) ဆေးရုံများဖြင့် ပတ်ချာလည် ဝန်းရံလျက်ရှိနေသည်မှာ ဒီဒေသခံလူများ အတွက် ကျန်းမာရေးစောင့်ရှောက်ခံရမှု ကံကောင်းနေခြင်းဟု ကျွန်တော် ခံစားမိရပါတယ်။

ပြည်တွင်းရှိ အချို့ကျေးလက်ဒေသများဟာ ကျေးလက်ဆေးခန်း၊ တိုက်နယ်ဆေးခန်း မြို့နယ်ဆေးရုံများနဲ့ အလှမ်းဝေး ခရိုင်/တိုင်းဆေးရုံများအဆင့်ဆိုလျှင် ပိုလို့တောင် အလှမ်းဝေး လှပါတယ်။ မြို့နယ်ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုကွာဟချက်ရဲ့ သဘောပဲ ဖြစ်ပါလိမ့်မယ်။ အားလုံးကို ပြီးပြည့်စုံအောင် ဆောင်ရွက်မှု မပေးနိုင်သေးပေမယ့် နည်းနိုင်သလောက် နည်းအောင်တော့ နည်းလမ်းရှာကြံ ဆောင်ရွက်သင့်ပါတယ်။ အဖြစ်နိုင်ဆုံး အခြေအနေအရ မြို့နယ်ဆေးရုံများဆိုရင်တော့ မြို့နယ်အတွင်းရှိ ကျေးရွာများ လက်လှမ်းမီနိုင်ကြမှာ ဖြစ်ပါတယ်။ သို့ပါ၍ မြို့နယ်အဆင့် ဆေးရုံအဆင့်ကို တင်ပြရခြင်း ဖြစ်ပါတယ်။ ကျေးလက်မြို့ပြ ဆင်ခြေဖုံးနဲ့ နယ်စပ်ဒေသများ ကျန်းမာရေး စောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်နေချိန်မှာ မြို့နယ်အဆင့် ဆေးရုံများကို အဆင့်မြှင့်တင်ပေးနိုင်ရန် အတွက် အောက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အတွင်းရှိ မြို့နယ်အဆင့် ဆေးရုံများအား အနိမ့်ဆုံး ခုတင် (၅၀) ဆေးရုံများအဖြစ် ချထားပေးနိုင်ရန် အစီအစဉ် ရှိမရှိ မေးခွန်းပဲ ဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၄၁။**

**ဒေါက်တာသန်းအောင် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရှိသေလေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ရိုသေစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကျန်းမာရေးဝန်ကြီးဌာနရဲ့ ကိုယ်စား ဒုတိယဝန်ကြီးဖြစ်သူ မိမိမှ ကျန်းမာရေးဝန်ကြီးဌာနသို့ မေးထားသော မေးခွန်း (၂)ခုအား ဥက္ကဋ္ဌကြီး မှတစ်ဆင့် ပြန်လည်ဖြေကြားတင်ပြသွားပါ့မယ်။

ရှေးဦးစွာ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ဥက္ကဋ္ဌ မကွေးတိုင်းဒေသကြီး အမှတ်(၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ၏ မေးခွန်းအား ရှေးဦးစွာ ပြန်လည်တင်ပြသွားပါ့မယ်။ တပ်မတော်ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း(ခ)တွင် တက်ရောက်နေစဥ်ထုတ်ပယ်ခြင်း ခံခဲ့ရသော မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ ရှင်အုန်းညိုလမ်းနေ နေထိုင်သူ ဗိုလ်လောင်းရဲထွဋ်ဝင်း သည် တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၀၅ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး စာစစ်ဌာနမှ စုစုပေါင်းရမှတ် (၄၇၆)မှတ်ဖြင့် ဖြေဆိုအောင်မြင်ခဲ့ပါတယ်။ ထိုသို့ အောင်မြင်ခဲ့တဲ့အတွက် ဆေးတက္ကသိုလ်(မကွေး) ပထမနှစ် (M.B.B.S)သင်တန်း၊ (၁၂/၂၀၀၅) သင်တန်းသို့ ဝင်ခွင့်အမှတ်စဥ် (၃၈၇)ဖြင့် တက်ရောက်ခွင့်ရရှိခဲ့သူ ဖြစ်ပါတယ်။

ပထမနှစ် (M.B.B.S) သင်တန်းအား ၁၉-၁၂-၂၀၀၅ ခုနှစ်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ရာ ကျောင်းစတင်ဖွင့်လှစ်သည့်နေ့မှ (၂)လအတွင်း သတင်းပို့ခြင်း မရှိသူများအား ဝင်ခွင့်စာရင်းမှ ပယ်ဖျက်မည်ဖြစ်ကြောင်း အကြောင်းကြားခဲ့သော်လည်း မောင်ရဲထွဋ်ဝင်း သည် ဆေးတက္ကသိုလ် (မကွေး)သို့ ဆက်သွယ်ခြင်း မရှိသဖြင့် ၎င်းအား ဝင်ခွင့်စာရင်းမှ ပယ်ဖျက်ခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။ သို့သော် ထိုအချိန်၌ မောင်ရဲထွဋ်ဝင်း သည် တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဥ် (၁၃)သို့ တက်ရောက်ဖြေဆိုအောင်မြင်ခဲ့ပြီး နောက်ဆုံးနှစ် အပိုင်း(ခ)အထိ ပညာသင်ကြားခဲ့ပါတယ်။

ထိုသို့ ပညာသင်ကြားနေစဥ်အတွင်း ဗိုလ်လောင်းမောင်ရဲထွဋ်ဝင်း အပါအဝင် ဗိုလ်လောင်း (၅)ဦးအား တပ်မတော်တက္ကသိုလ်များ စစ်သည်တော်ကောင်းတစ်ဦးဖြစ်ရန် အလားအလာမရှိသဖြင့် သင်တန်း တက်ရောက်ခြင်းမှ ရပ်စဲပြီး နေရပ်သို့ ပြန်လည်စေလွှတ်ခဲ့ခြင်းအပြင် နယ်ဘက်ပညာဆက်လက်သင်ကြားရာတွင် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များသို့ တက်ရောက်ခွင့်မပြုဘဲ ကျန်တက္ကသိုလ်၊ ကောလိပ်တို့တွင်သာ တက်ရောက်ခွင့်ပြုရန် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဆေးသိပ္ပံဦးစီးဌာနသို့ ညှိနှိုင်းအကြောင်းကြားခဲ့ပါတယ်။

ကာကွယ်ရေးဦးစီးရုံး (ကြည်း)မှ ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်အသီးသီးမှ ပြန်လည်စေလွှတ်လိုက်တဲ့ ဗိုလ်လောင်းတွေအား နယ်ဘက်ပညာသင်ကြားခွင့် ကိစ္စနှင့် စပ်လျဥ်း၍ အစဥ်အလာအားဖြင့် နောက်ဆက်တွဲ (က)၊ (ခ)ဟူ၍ (၂)မျိုးခွဲခြားပေးပို့လျက် ရှိပါတယ်။ နောက်ဆက်တွဲ(က)ဖြင့် ပြန်လည်စေလွှတ်ခြင်းခံရသူများကို ၎င်းတို့၏ဘဝနစ်နာမှု မရှိစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအောက်ရှိ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်၊ ကောလိပ် အသီးသီးတွင် သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံပါလျှင် တက်ရောက်ခွင့်ပြုပြီး၊ နောက်ဆက်တွဲ (ခ) စာရင်းဖြင့် ပြန်လည်စေလွှတ်ခြင်းခံရသူများအား အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များသို့

တက်ရောက်ခွင့် မပြုဘဲ၊ ကျန် တက္ကသိုလ်၊ ကောလိပ်သို့တွင်သာ တက်ရောက်ခွင့်ပြုရန် အစဥ်အလာအားဖြင့် ညှိနှိုင်းဆောင်ရွက်ခဲ့လေ့ ရှိပါတယ်။

ကာကွယ်ရေးဝန်ကြီးဌာနမှ နောက်ဆက်တွဲ(က)စာရင်းဖြင့် ပြန်လည်စေလွှတ်ခြင်းခံရသူများတွင်လည်း အဆင့်မြင့်ပညာဦးစီးဌာန၊ (အောက်မြန်မာပြည်)သို့ တက်ရောက်လိုသည့် တက္ကသိုလ်ဆက်လက်တက်ရောက်ခွင့်ပြုရန် လျှောက်ထားရပါတယ်။ အဆင့်မြင့်ပညာဦးစီးဌာနမှ ၎င်းတက္ကသိုလ်ဝင်ခွင့် အောင်မြင်ခဲ့သည့်နှစ်တွင် ရရှိခဲ့သည့် စုစုပေါင်းရမှတ်သည် ၎င်းနှစ်၏ အသက်မွေး ဝမ်းကျောင်းတက္ကသိုလ် ဝင်ခွင့်ပြု အနိမ့်ဆုံးရမှတ်ကို ပြည့်မီပါမှ ပညာမီလို့ရှိရင် မီရာ ပညာသင်နှစ်တွင် သက်ဆိုင်ရာတက္ကသိုလ်သို့ တက်ရောက်ခွင့်ပြုပါရန် ဆေးသိပ္ပံဦးစီးဌာနသို့ အကြောင်းကြားပါတယ်။ ဆေးသိပ္ပံဦးစီးဌာနသည် အဆင့်မြင့်ပညာဦးစီးဌာနမှ အကြောင်းကြားလာသော အဆိုပါ ဗိုလ်လောင်း၏ ပညာသင်ကြားခွင့်နှင့် စပ်လျဉ်း၍ ဆေးသိပ္ပံဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တက္ကသိုလ်ပါမောက္ခချုပ်များပါဝင်သော တက္ကသိုလ်ညှိနှိုင်း အစည်းအဝေးတွင် ဆွေးနွေးပြီး သက်ဆိုင်ရာ တက္ကသိုလ်မှ လူတွေ့စစ်ဆေးခြင်း၊ ကျန်းမာရေးစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခြင်းများ ပြုလုပ်ပြီး သဘောတူခွင့်ပြုချက် ရရှိမှသာ ကျန်းမာရေးဦးစီးဌာနသို့ တင်ပြပြီး၊ ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးသို့ တင်ပြ၍ အနီးဆုံး ဖွင့်လှစ်မည့် ပညာသင်နှစ်တွင် တက်ရောက် ခွင့် ပြုပါတယ်။

သို့ဖြစ်ပါ၍ ယခုတင်ပြလာသူ ဗိုလ်လောင်းရဲထွဋ်ဝင်း အား ကာကွယ်ရေးဝန်ကြီးဌာန၏ သက်မှတ်ချက်အရ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်သို့ တက်ရောက်ခွင့်မပြုဘဲ ကျန်တက္ကသိုလ်၊ ကောလိပ်သို့သာ တက်ရောက်ခွင့် ရရှိသဖြင့် စည်းမျဥ်းစည်းကမ်းအရ ဆေးတက္ကသိုလ် (မကွေး)သို့ တက်ရောက်ခွင့် မပြုနိုင်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးတင်မောင်မြင့် ၏ မေးခွန်းအား ပြန်လည်ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ ယနေ့ဖွင့်လှစ်ထားရှိသော (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံ (၁၉၀)ရှိပြီး၊ ခုတင်(၅၀)ဆံ့ဆေးရုံ (၆၈)ရုံ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။ (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံများကို အနိမ့်ဆုံး ခုတင်(၅၀)ဆံ့ ဆေးရုံသို့ တိုးမြှင့်ရာတွင် ယခင်ဆေးရုံ၏ တင်ပြပါဆေးရုံ၏ ဆေးရုံလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ (၅)နှစ်စာကို ရယူပြီး စိစစ်၍ ခုတင်မြှင့်တင်ရန် လိုအပ်ချက်ရှိပါက ခုတင်(၅၀)ဆေးရုံသို့ တိုးမြှင့်ရန် စီစဥ်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် (၂၅)ခုတင်၊ ဆေးရုံ(၃)ရုံ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း ဆေးရုံ(၁)ရုံ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း (၅)ရုံနဲ့၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆေးရုံ(၄)ရုံတို့ကို ခုတင်(၅၀)ဆံ့ ဆေးရုံသို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

တင်ပြပါ ခုတင်အဆင့်မြှင့်တင်ရာတွင် တိုးမြှင့်လိုက်သော ခုတင်ဦးရေနှင့် လိုက်လျောညီထွေရှိစေမည့် ဝန်ထမ်းအင်အား၊ အဆောက်အဦ နှင့် ဆေးဝါးကိရိယာများကိုလည်း ထပ်မံဖြည့်ဆည်းရန်နှင့် အဆောက်အဦ တိုးချဲ့ရန်အတွက် မြေနေရာကိုလည်း လိုအပ်သလို စီစဥ်ရပါတယ်။ အချို့သော (၂၅) ခုတင်ဆံ့ မြို့နယ်ဆေးရုံများတွင် လိုအပ်ချက်နဲ့အညီ ခုတင်(၅၀)အဆင့်သို့ တိုးမြှင့်ခဲ့သော်လည်း (၂၅) ခုတင်ဆံ့ဆေးရုံအားလုံးကို အနိမ့်ဆုံးအဆင့် ခုတင်(၅၀) ဆေးရုံအဖြစ်သို့ တိုးမြှင့်ရန် မလိုအပ်သေးပါကြောင်း ပြန်လည်ဖြေကြား တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒုတိယဝန်ကြီးဖြေကြားချက်တွေကိုလည်း ကျွန်တော်တို့ ပြည်သူများ သိရှိနားလည်ခွင့်ရရှိတဲ့အတွက် ကျေးဇူးတင်ပါတယ်။ သို့သော်လည်း ကျွန်တော်အပါအဝင် ပြည်သူများ လည်း မသိရှိနိုင်တဲ့ အချက်ကလေးကို ကျွန်တော့်အနေနဲ့ မေးမြန်းတင်ပြလိုပါတယ်။ ဒါကတော့ ဒုတိယ ဝန်ကြီး ဖြေကြားတဲ့ အထဲမှာ တပ်မတော်ကနေပြီးတော့မှာ တပ်မတော် နောက်ဆက်တွဲ (က)၊(ခ)စာရင်းနဲ့ ရိုးရိုးတက္ကသိုလ်တက်ခွင့်၊ နည်းပညာတက္ကသိုလ်တွေ တက်ခွင့်ဆိုပြီးတော့ ခွဲခြားတယ်လို့ ဖြေကြား ထားတာ တွေ့ရပါတယ်။

အဲဒီတော့ ဒီဟာတွေကို ဒီလိုခွဲခြားပြီးတော့ တပ်မတော် က ဆောင်ရွက်သွားတာသည် ကျွန်တော်တို့ ဥပဒေမှာ ပြဋ္ဌာန်းထားခြင်း ရှိပါသလား။ သို့တည်းမဟုတ် ဒါ့အပြင် ဒီ တပ်မတော်က ဒီလိုလုပ်တဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာနကကော ဒီ ကျောင်းသားတွေကို လက်ခံနိုင်ခြင်းမရှိတော့ ဘူးလား။ ဒါ ကျွန်တော်တို့ နားလည်တာကတော့ ကျန်းမာရေးဝန်ကြီးဌာနသည် ကာကွယ်ရေးဝန်ကြီး ဌာနရဲ့ လက်အောက်မဟုတ်ပါဘူး။ အစိုးရအဖွဲ့က သတ်မှတ်တယ်ဆိုရင်တော့ ကျွန်တော်တို့ လက်ခံနိုင်စရာ အကြောင်းရှိပါတယ်။ ဒါလေးကို ကျွန်တော် မရှင်းလင်းတဲ့အတွက် မေးမြန်း တင်ပြရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဒေါက်တာသန်းအောင် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးခင်ဗျား။ တင်ပြပါ ကျွန်တော်တို့ တပ်မတော် ဆေးတက္ကသိုလ် စတင်ဖွင့်လှစ်စဉ် ကျွန်တော်က ယခင် တပ်မတော်မှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ တပ်မတော်ဆေးတက္ကသိုလ်၊ ဟိုယခင် တပ်မတော်အစိုးရလက်ထက်မှာ အမျိုးသားပညာရေးကော်မတီ ဆိုတာ ရှိပါတယ်။ အတွင်းရေးမှူး (၁)ကနေပြီး ဦးဆောင်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ တက္ကသိုလ်တွေ အားလုံးကနေပြီးတော့ ညှိနှိုင်းအစည်းအဝေးပွဲတွေ လုပ်ပါတယ်။ လုပ်ပြီးတော့မှာ အစဉ်အလာ နှစ်စဉ်၊ လစဉ်လည်း ကျင်းပပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ တက္ကသိုလ်က တပ်မတော်ဆေးတက္ကသိုလ် ဖြစ်သော်လည်း သီးခြားမရပ်တည်ရပါဘူး။ သင်ရိုးညွှန်းတမ်း၊ ဝင်ခွင့်၊ ဗိုလ်လောင်း စည်းမျဉ်းနဲ့ တက္ကသိုလ်ကျောင်းသားတွေရဲ့ စည်းမျဉ်းတွေ အားလုံးဟာ ပညာရေးဝန်ကြီးဌာန လက်အောက်ရှိတဲ့ တက္ကသိုလ်တွေနဲ့လည်း အတူတူပဲ ကျွန်တော် တို့ ဆောင်ရွက်ထားပါတယ်။

သို့အတွက်ကြောင့် တက္ကသိုလ်များ ဆီးနိတ်ကနေပြီးတော့ ကျွန်တော်တို့ အားလုံး သဘောတူပြီးတော့အခါလျှင် ဒီစည်းမျဉ်းတွေကို ချမှတ်ထားတာဖြစ်ကြောင်း ရှေးဦးစွာ တင်ပြလိုပါတယ်။ နောက်တစ်ခုကတော့ တပ်မတော်မှာ ကျွန်တော်တို့ နယ်ဘက်ကို တပ်မတော်ကနေပြီးတော့ ကျွန်တော်တို့ အရည်အချင်း စာမေးပွဲကျလို့ရှိရင်လည်း ကျွန်တော်တို့ ဒီဘက်ကို ပို့ပါတယ်။ စတင်ပြီးတော့ ကျွန်တော် တို့ တပ်မတော်မှာ ဗိုလ်လောင်းတွေ ရွေးစဉ်အခါက ကျွန်တော်တို့ ရှေးဦးစွာတော့ ကျွန်တော်တို့ရဲ့ အခြေခံရမှတ်တွေဟာ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ဆေးတက္ကသိုလ်ရဲ့ အမှတ်နဲ့ အတူတူ ယခင်က ရွေးချယ်ခဲ့ပါတယ်။ နောက်ပိုင်း ကျွန်တော်တို့ လုပ်ငန်းလိုအပ်ချက်အရ ကျွန်တော်တို့ တပ်မတော် အနေနဲ့ပဲ မိမိရဲ့ အမှတ်ကို မိမိသတ်မှတ်ပြီးတော့ ရွေးချယ်ခဲ့ပါတယ်။

ထိုသို့ ရွေးချယ်ခဲ့ရာမှာ ကျွန်တော်တို့ တပ်မတော်ဆေးတက္ကသိုလ်ကနေ ကျရှုံးသွားလို့ ရှိရင် သက်ဆိုင်ရာ နယ်ဘက်ကိုပို့တဲ့အခါမှာ နှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်းကတော့ တပ်မတော်ရဲ့ ချမှတ် ထားတဲ့ ဗိုလ်လောင်းစည်းမျဉ်းတွေကို ဖောက်ဖျက်တာကြောင့် တစ်ခု၊ နောက်တစ်ခုက ကျောင်းသား စည်းမျဉ်းကို ဖောက်ဖျက်တာက တစ်ခု၊ နောက်တစ်ခုကတော့ ပညာမလိုက်နိုင်တာက တစ်ခု၊ ပညာ မလိုက်နိုင်လို့ ရှိရင်တော့ ကျွန်တော်တို့ (ခ)အနေနဲ့ ပို့ပါတယ်။ စည်းမျဉ်းဥပဒေတွေကို ဖောက်ဖျက်ရင် ကျွန်တော်တို့က များသောအားဖြင့်တော့ အကြောင်းတချို့အချက်တွေမှာတော့ ကျွန်တော်တို့ (က)နဲ့ ပို့ပါတယ်။ သို့ရာတွင် တက္ကသိုလ်ကျောင်းသားသော်လည်းကောင်း၊ တပ်မတော်ဗိုလ်လောင်းသော်လည်းကောင်း၊ ပညာကြောင့် သော်လည်းကောင်း လိုအပ်တဲ့ စည်းမျဉ်းတွေကိုတော့ ကျွန်တော်တို့ တိတိကျကျလိုက်နာဖို့ ဆောင်ရွက်ခဲ့ ပါတယ်။

တပ်မတော်မှာ ၎င်းအပတ်စဥ်(၁၃)ဖြစ်စဥ်မှာ ကျွန်တော်အဲဒီအချိန် တပ်မတော်မှာ တာဝန် ရှိနေပါတယ်။ ဒီ ကလေးတွေရဲ့ ဖြစ်စဥ် အသေးစိတ်ကိုလည်း ကျွန်တော်သိပါတယ်။ ဒီကလေးတွေဟာ ယခုလို ဖြစ်ဖို့အတွက်လည်း ကျွန်တော်တို့က ပြီးစလွယ်အဆင့်ဆင့် ခုံရုံးတွေလုပ်ခဲ့တာ မဟုတ်ပါဘူး။ ဆင့်ကဲ ဆင့်ကဲနဲ့ ခုံရုံးတွေ လုပ်ခဲ့ပါတယ်။ ဗိုလ်လောင်းတွေကိုလည်း မနစ်နာအောင်မို့လို့ ကျွန်တော်တို့ အများကြီး ထိန်းထိန်းသိမ်းသိမ်းနဲ့ ကျွန်တော်တို့ရဲ့ တပ်မတော်ရဲ့ မိဘက နာသလို၊ တပ်မတော်ဘက်က လည်း အများကြီး သူတို့ ဗိုလ်လောင်းတစ်ယောက်ရဲ့ ကုန်ကျစရိတ်တွေ အများကြီးပေးခဲ့ပါတယ်။ ထို့ အတွက်ကြောင့် ဒီဟာတွေ စဥ်းစားပြီးတော့မှသာလျှင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။

ကျွန်တော်တို့ တပ်မတော်တစ်ခုတည်း သူ့သဘောနဲ့ သူ လုပ်တာမဟုတ်ပါဘူး။ ကျွန်တော်တို့ တက္ကသိုလ်များကောင်စီအားလုံးနဲ့ စုပေါင်းပြီးတော့သာ ဆောင်ရွက်ခဲ့တဲ့ စည်းမျဉ်းဖြစ်ကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ယှဉ်ပြိုင်မှုဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဥ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဥ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ ယှဉ်ပြိုင်မှု ဥပဒေကြမ်း အား အမျိုးသားလွှတ်တော်က ဆွေးနွေးစဥ်းစားရန် အဆိုကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၄။**

**ဦးဝင်းမြင့် (ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသော အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံ ကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရကိုယ်စား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ယှဉ်ပြိုင်မှုဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှာ ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးထံမှာ အဆိုတင်သွင်းခြင်းဖြစ်ပါတယ်။ ယှဉ်ပြိုင်မှုဥပဒေဟာ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးလုပ်ငန်းတွေမှာ တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်း သို့မဟုတ် ဈေးကစားမှုပြုလုပ်ခြင်း၊ အများပြည်သူတို့ရဲ့အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ရန်၊ ပြည်တွင်း/ပြည်ပ ကုန်သွယ်ရေးနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့အပေါ်မှာ မျှတမှုမရှိသော ပြိုင်ဆိုင်မှုကို ထိန်းချုပ်နိုင်စေရန်။ ဈေးကွက်အပေါ် ထိန်းချုပ်နိုင်စွမ်းအား အလွဲသုံးစားပြုခြင်းမှ တားဆီးနိုင်ရန်။ စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းခြင်း၊ ဝယ်ယူခြင်းတို့အား ဥပဒေနဲ့အညီ ခွင့်ပြုနိုင်ရန်နဲ့ စီးပွားရေး လုပ်ငန်းများအကြား ကန့်သတ်ထားရှိတဲ့ သဘောတူညီချက်နဲ့ အစီအမံများအား ဖယ်ရှားထိန်းချုပ်နိုင်ရန် တို့ကို ရည်ရွယ်ရေးဆွဲထားတဲ့အတွက် ယှဉ်ပြိုင်မှု ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှာ လက်ခံဆွေးနွေးခွင့်ပြုပါရန် အဆို တင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၅၆။**

**ဦးထွန်းဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ယှဉ်ပြိုင်မှု ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းကို ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးထွန်းဇော် က ထောက်ခံပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘောထားရယူမှာ ဖြစ်ပါတယ်။

ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ယှဉ်ပြိုင်မှုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယှဉ်ပြိုင်မှုဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၃-၆-၂၀၁၄ (အင်္ဂါနေ့) ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဒုတိယနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် တတိယနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး ဒုတိယနေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး တတိယနေ့ကို ၂၀၁၄ ခုနှစ်၊ မေလ ၃၀ ရက် ( သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၁း၅၈ နာရီ အချိန်တွင် ရပ်နားပါသည်။]